မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ်(၁၂၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး

တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Chen Jian အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Chen Jian ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း — အင်တာနက်ကျန်းမာရေး

အဝလွန်မှုကြောင့် ဦးနှောက်ကျန်းမာရေး ထိခိုက်နိုင်ဟုဆို



အဝလွန်မှုသည် ဦးနှောက်ကျန်းမာရေးကို ထိခိုက်မှု ဖြစ်စေကြောင်း၊ အဝလွန်မှုကြောင့် စိတ်ကစဉ့်ကလျားရောဂါ ဖြစ်ပွားနိုင်ကြောင်း ဗြိတိသျှ ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

သိရှိခဲ့

ယခင်က သုတေသနပြုချက်များအရ အဝလွန်မှုသည် နှလုံးရောဂါ၊ သွေးတိုးရောဂါနှင့် သွေးချိုဆီးချိုရောဂါတို့ ဖြစ်ပွားစေနိုင်ကြောင်း သိရှိခဲ့ကြသည်။ သို့သော် ယခုသုတေသနပြုမှုအရ အဝလွန်မှုကြောင့် ဦးနှောက်တစ်သျှူးများ သန်မာမှုကို ထိခိုက်စေကြောင်း တွေ့ရှိခဲ့သည်။

ပိုမိုအားပေး

သာမန် ကိုယ်အလေးချိန်ရှိသူများနှင့် အဝလွန်သူများကို နှိုင်းယှဉ်သုတေသနပြုခဲ့ရာ သာမန်ကိုယ်အလေးချိန်ရှိသူများ၊ အဝလွန်သူများ၏ ဦးနှောက်တစ်သျှူးမှာ ရှစ်ရာခိုင်နှုန်း ထိခိုက်မှုဖြစ်စေပြီး ဦးနှောက်ဆဲလ်များပျက်စီးမှုကို လေးရာခိုင်နှုန်း ပိုမိုအားပေးကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့ သုတေသနပြုချက်၌ ဖော်ပြထားသည်။ *စာမျက်နှာ ၅ ကော်လံ ၃* ■

မိုးထစ်ချုန်း ရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် ဩဂုတ် ၂၈ ရက်)

ပြည်ထောင်စုတစ်ဝန်း လမ်း၊ တံတားများ တိုးမြှင့်ဖော်ဆောင် ရေရှည်အသုံးပြုနိုင်ရေး တိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ခိုင်မာပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းဖြည့်ဆည်းပေးလျက်ရှိသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့စေရန် ကျေးလက်နှင့် မြို့ပြဆက်သွယ်ရေးလမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ၊ မီးရထားလမ်းများ၊ တံတားများကို တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ပေးခဲ့သည့်အနက် နမ့်ပေါင်ချောင်းကူး နမ့်ပေါင်တံတားသစ်ဖွင့်ပွဲ အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာ၌ ဩဂုတ်လ ၂၂ ရက်နေ့က ကျင်းပခဲ့သည်။

တပ်မတော်အစိုးရလက်ထက်၌ တိုင်းရင်းသားအားလုံး ဆူကြုံနိမ့်မြင့် ကွာဟမှုနည်းပါးလာပြီး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရန် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

နယ်မြေဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေခံအကျဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှု၊ ဒေသခံ တိုင်းရင်းသားတို့၏ ဝိုင်းဝန်းလက်တွဲမှုတို့ကြောင့် ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့လာခဲ့ပြီး ဖွံ့ဖြိုးမှု၏အသီးအပွင့်များကို လက်တွေ့ခံစားနေကြရပြီဖြစ်သည်။

ယခု ဖွင့်လှစ်လိုက်သည့် နမ့်ပေါင်တံတားသစ်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (တောင်ပိုင်း) အကြား အဓိကဆက်သွယ်သွားလာနိုင်မည့် တံတားဖြစ်၍ ယင်းတံတားကိုအသုံးပြုပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားကဏ္ဍအဖြာဖြာကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေနိုင်မည်ဖြစ်သည်။

ယင်းတံတားသည် တန် ၆၀ ခံနိုင်ရည်ရှိပြီး သံကူကွန်ကရစ်နှစ်လမ်းသွား တံတားဖြစ်သည်။ အရှည်ပေ ၁၈၀ နှင့် ယာဉ်သွားလမ်းအကျယ် ၂၄ ပေ ရှိသည်။ နိုင်ငံတော်က ကျပ်သိန်းပေါင်း ၃၆၇၅သိန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့ခြင်းဖြစ်၍ ပေ ၁၈၀ နှင့်အထက် တံတားများတွင် ၂၂၉ စင်းမြောက် တံတားလည်းဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရက နမ့်ပေါင်တံတားအပါအဝင် ပြည်ထောင်စုတစ်ဝန်း တိုင်းရင်းသားပြည်သူများ အချိန်တိုအတွင်း သွားလာရေးလွယ်ကူချောမွေ့စေရန် ငွေကြေးအမြောက်အမြား အကုန်အကျခံ တည်ဆောက်ပေးထားသောတံတားများ ရေရှည်အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၈-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+အာဋ္ဌာနာဋိယသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **အိုးခွဲနိုင်မှ နိဗ္ဗာန်ရ** တရားတော် (ဆရာတော်ထီလာအရှင်သုန္ဒရ)
- ၆:၅၀ ထူးမြတ်ပူဇော်ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၂၁)
- ၈:၃၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဂျော်လီဆွေ) (အပိုင်း-၂)
- ၉:၂၀ Sports World (Players' Lives)
- ၉:၅၀ Activities in the City (ပန်းချီဆရာကြီး ဦးဘကြည်အား အနုပညာချီးမြှင့်ပွဲ)
- ၁၀:၀၀ ဂီတသံစဉ်အလှဆင် (တင့်တင့်ထွန်း)
- ၁၀:၁၅ စွဲမက်စရာ ငွေထည်အလှရတနာ
- ၁၀:၂၅ Make in a Delicious Way (တရုတ်နိုင်ငံချန်ဒူးမြို့မှ စွဲမက်ဖွယ်ရာ အစားအစာများ)
- ၁၀:၅၀ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ရေပုတ်သင်မွေးမြူရေး)
- ၁၁:၁၀ သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော်
- ၁၁:၂၅ ဖက်ရှင်လမ်းညွှန် (ပြောင်းလဲလာသော အလှတရားများ-ဖွေးဖွေး)
- ၁၁:၄၅ ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
- ၁၂:၀၀ တေးဂီတအစီအစဉ်
- ၁၂:၁၀ **သတင်းကောင်း** သျှားညို၊ ဆုပန်ထွာ၊ပွင့် (ဒါရိုက်တာ-ညိုမင်းလွင်)
- ၁၂:၃၅ ယောနယ်အသင်း(ရန်ကုန်)၏ စာအောင်ဆုချီးမြှင့်ပွဲ
- ၁:၀၀ **အိုးခွဲနိုင်မှ နိဗ္ဗာန်ရ** တရားတော် (ဆရာတော်ထီလာအရှင်သုန္ဒရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (Nine One နှင့် တွေ့ဆုံခြင်း)
- ၃:၂၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၃:၄၅ သင်ကြားရေးလမ်းညွှန် (GESC တရုတ်စာသင်တန်းကျောင်း)
- ၄:၀၀ Activities in the City (ပန်းချီဆရာကြီး ဦးဘကြည်အား အနုပညာချီးမြှင့်ပွဲ)
- ၄:၁၀ ဂီတသံစဉ်အလှဆင် (တင့်တင့်ထွန်း)
- ၄:၃၀ Science Tech Today
- ၄:၅၅ သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော်
- ၅:၀၀ VJ Choice
- ၅:၃၀ သူတို့ပြောတဲ့သူတို့အကြောင်း (ဂီတမှူးအကယ်ဒမီ ဦးခင်မောင်ကြီးနှင့် တွေ့ဆုံခြင်း)(အပိုင်း-၁)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ လှပသစ်ဆန်းအလှပြင်ခန်း (BamBoo Spa)
- ၆:၃၅ ဖက်ရှင်လမ်းညွှန် (ပြောင်းလဲလာသော အလှတရားများ-ဖွေးဖွေး)
- ၆:၅၅ Make in a Delicious Way (တရုတ်နိုင်ငံချန်ဒူးမြို့မှ စွဲမက်ဖွယ်ရာ အစားအစာများ)
- ၇:၁၅ သင်ကြားရေးလမ်းညွှန် (GESC တရုတ်စာသင်တန်းကျောင်း)
- ၇:၃၅ VJ Choice
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (Nine One နှင့် တွေ့ဆုံခြင်း)
- ၉:၀၀ သူတို့ပြောတဲ့သူတို့အကြောင်း (ဂီတမှူးအကယ်ဒမီ ဦးခင်မောင်ကြီးနှင့် တွေ့ဆုံခြင်း)(အပိုင်း-၁)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၂၁)
- ၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ် (MNL Special)
- ၁၁:၄၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၂:၀၅ မျှဝေခံစား ပီတိစကားသံများ (ဦးချူသန်းအဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရနှင့် တွေ့ဆုံခြင်း)
- ၁၂:၂၀ မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
- ၁၂:၃၀ ယောနယ်အသင်း(ရန်ကုန်)၏ စာအောင်ဆုချီးမြှင့်ပွဲ
- ၁၂:၄၅ လှပသစ်ဆန်းအလှပြင်ခန်း (Bamboo Spa)
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၈-၈-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေးခတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၂၅ ၅။ မဟာဂီတချိုကြည်မြ
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅:၃၀ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅:၅၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၄။ 'ရွှာ' ဟာသဇာတ်လမ်းတွဲ
- ၆:၅၀ ၁၅။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သောရောင်စဉ်** (အပိုင်း-၁၃)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ စိုက်ပျိုးသုတ
- ၂၁။ ရှင်သန်နေသောသီချင်းများ (Living Songs) အတ္တမ့်အဖြူရောင်နေ့ရက်များသို့ (အပိုင်း-၂)
- ၂၂။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင်သိုင်းမောင်နံ** အပိုင်း(၃၉)
- ၂၅။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ (အပိုင်း-၅)

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ပညာရပ်ဆိုင်ရာဟောပြောပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ပညာရပ်ဆိုင်ရာဟောပြောပွဲ (၄/၂၀၀၉)ကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်ပညာရေးတက္ကသိုလ်အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးက အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေး

ထို့နောက် ရန်ကုန်ဆေးတက္ကသိုလ် (၁) အဏုဇီဝဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်ကြည်ကြည်သင်းက ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့်စပ်လျဉ်းသည့် သိကောင်းစရာများအကြောင်းကို ရှင်းလင်းဟောပြောရာ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဥက္ကဋ္ဌ ဦးသန်းဦးက ကျေးဇူးတင်စကားပြောကြားပြီး ဒေါက်တာဒေါ်ကြည်ကြည်သင်းအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ကာ ဟောပြောပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး

ဗဟန်းမြို့နယ်တွင် ကွင်းဆင်းဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၇

ဗဟန်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စံ(၅)ချက်နှင့်ညီညွတ်သောစာကြည့်တိုက်များ ဖြစ်ပေါ်လာရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးဆင့်ဦးဆောင်သောအဖွဲ့သည် ဩဂုတ် ၂၄ ရက် ညနေ ၄နာရီက ဆရာစံတောင် (စံပြ)ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကွင်းဆင်းဆောင်ရွက်သည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးဆင့်က စာငှားစနစ်ကျင့်သုံးခြင်းနှင့် စာအုပ်စာစောင်တိုးပွားရေး၊ ငွေပဒေသာပင်ရရှိရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ဟောပြောဆွေးနွေးသည်။

ဆောင်ရွက်

ဆက်လက်၍ ဆရာစံတောင်(စံပြ) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဟန်က စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **(ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဩဂုတ် ၂၇ရက်က မြန်မာနိုင်ငံ ရေကူးအားကစားနည်းတာဝန်ခံ နာယက ဒေါ်မူမူဝင်း၊ နာယက ဒေါ်စိုးဝတ်ရည်နှင့် တာဝန်ရှိသူတို့ ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်တွင် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်နေသည့် မြန်မာလက်ရွေးစင် ရေကူးအားကစားသမားများအား အားပေးစကားပြောကြားပြီး မြန်မာလက်ရွေးစင် ရေကူးအဖွဲ့သို့ ငွေကျပ်သုံးသိန်း ထောက်ပံ့ပေးအပ်ရာ အဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်ဦးနှင့် အားကစားသမားများက လက်ခံယူစဉ်။ (ရေကူးအဖွဲ့ချုပ်)

မိုးရွာသွန်းလေသမျှ

၂၇-၈-၂၀၀၉

နေပြည်တော်	၀ ဒသမ ၀၈ လက်မ
ကျောက်ဖြူ	၃ ဒသမ ၅၅ လက်မ
မောင်တော	၂ ဒသမ ၅၆ လက်မ
ကလေးဝ	၂ ဒသမ ၀၁ လက်မ
စစ်တွေ	၂ ဒသမ ၀၁ လက်မ
ဟုမ္မလင်း	၁ ဒသမ ၈၅ လက်မ
အောင်လံ	၀ ဒသမ ၅၅ လက်မ

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေအား ယင်းဝန်ကြီးဌာန မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

မိုင်းယု၌ တက်လူစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မိုင်းယု ဩဂုတ် ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင် မိုင်းယုမြို့ ကော်ဆမ်မိန်းကျေးရွာ တက်လူကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၇ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ ရှေးဦးစွာ စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဆဲတီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် မိုင်းယုမြို့အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မိုင်းယုမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းက စာကြည့်တိုက် ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ်(၅)ရပ်နှင့် စာဖတ်ပရိသတ်စနစ်ကျင့်သုံးရေး ရှင်းလင်းဆွေးနွေးသည်။

လက်ခံယူ

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နန်းကောင်ကျော်က သုတ၊ ရသ စာအုပ် ၁၂၀ ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူး ဒေါ်အေးနွဲ့သန်းက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်များ စံ(၅)ရပ်နှင့် ညီညွတ်ရေး ပန်းဘဲတန်း ပြန်/ဆက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၇

ပန်းဘဲတန်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ပရိသတ်စနစ်ကျင့်သုံးရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက်က ပန်းဘဲတန်းမြို့နယ် (၉)ရပ်ကွက်ရှိ ရတနာပန်းခင်းစာကြည့်တိုက်၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ဆွေးနွေးပွဲတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ထွန်းက စာကြည့်တိုက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြပြီး **(အပေါ်ပုံ)** မြို့နယ်ဦးစီးမှူး ဒေါ်မြသန်းက စံ(၅)ရပ်နှင့် ညီညွတ်သော စာကြည့်တိုက်ဖြစ်ရေး၊ စာအုပ်စာစောင် တိုးပွားရေးနှင့် စာဖတ်ပရိသတ်စနစ်ကျင့်သုံးရေး၊ ရန်ပုံငွေထူထောင်ရေးတို့ကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၈-၈-၂၀၀၉ ရက် (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၀ ၂။ **မြတ်ဂုဏ်တော်သခင်** (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ အကပြိုင်ပွဲ
- ၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ)(အခြေခံပညာ ၅-၁၀ နှစ်)(အမျိုးသား၊ အမျိုးသမီး)**
- ၈:၄၀ ၉။ International News
- ၈:၅၀ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၂၀ ၃။ အတီးပြိုင်ပွဲ
- ၄:၃၀ ၄။ တေးဂီတအစီအစဉ်
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ်(ပထဝီဝင်အထူးပြု)(ပထဝီဝင်)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅:၂၀ ၈။ ကြေးမုံရိပ်သွင်တေးနှယ်ည
- ၅:၃၀ ၉။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး)ဝါသနာရှင် (ပထမတန်းအဆင့်)(အမျိုးသား)**
- ၅:၄၀ ၁၀။ ယဉ်တစ်ကိုယ်မယ် **သွားဆိုမှသွား**(အပိုင်း-၉) လှိုင်သဇင်ဖြူ၊ ဝင်းနိုင်၊ သာဇံ (ဒါရိုက်တာ-ခေတ်ဘုန်းမို)
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၆:၄၅ ၁၄။ ရတနာစုံညီနေပြည်တော်ဆီ သိလ္လာစိုး၊ မေသူအောင်၊ မေမော်လွင် (ဒါရိုက်တာ-သန်းဝေ)
- ၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံးတစ်ယောက်တည်း** (အပိုင်း-၁၆)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၅၃)
- ၂၀။ သီချင်းချစ်သူ
- ၂၁။ အစီအစဉ်ပြီး၏။

သွေးလွန်တုပ်ကွေးရောဂါ နောင်ချို၌ ကြိုတင်ကာကွယ်

နောင်ချို ဩဂုတ် ၂၇

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် နောင်ချိုမြို့နယ်အတွင်းရှိ ကြိမ်ဂနိုင်ကျေးရွာအုပ်စု ခြေမြစ်ပင်ကျေးရွာနှင့် ဘန့်ဘွေးကျေးရွာအုပ်စု ဘန့်ဘွေးကျေးရွာရှိ စာသင်ကျောင်းများ၊ ဈေးများနှင့် ရပ်ကွက်များအတွင်း အဖွဲ့ပိုင်ခြင်ဆေးဖျန်းစက်များဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့ ကြီးကြပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၇

TV Guide အတွဲ ၁၊ အမှတ် ၈ကို ဩဂုတ် ၂၈ရက် (သောကြာနေ့)တွင် စတင်ဖြန့်ချိကြောင်း သိရသည်။

TV Guide ရုပ်မြင်သံကြားလမ်းညွှန် အတွဲ ၁၊ အမှတ် ၈တွင် MTVရုပ်သံလိုင်းမှ ဩဂုတ် ၂၉ရက်တွင် ထုတ်လွှင့်ပြသမည့် မကြာခင်က ကွယ်လွန်သွားခဲ့ပြီး အခုထိ သင်္ဂြိုဟ်ခြင်းမပြုရသေးသော ပေါ့ပ်ဘုရင် မိုက်ကယ်ဂျက်ဆင်ရဲ့ မွေးနေ့အမှတ်တရ အထူးစီစဉ်တင်ဆက်သော အစီအစဉ် သုံးခုအကြောင်းနှင့် အချိန်၊ MRTV-4 International ရုပ်သံလိုင်းများမှ Star Sports နှင့် ESPN ရုပ်သံလိုင်းများတွင်ပြသမည့် EPL ဘောလုံးပွဲများမှ မန်ယူနှင့် အာဆင်နယ်၊ ပို့စ်မောက်နှင့် မန်စီးတီး၊ အက်စတွန်ဗီလာနှင့် ဖူလ်ဟမ်၊ ဘော်လ်တန်နှင့် လီဗာပူးလ်၊ ချယ်လ်ဆီးနှင့် ဘန်လေအသင်းများ၏ ပွဲကြိုသုံးသပ်ချက်များ အကြောင်းများကို ပြည့်ပြည့်စုံစုံ ရေးသားထားသည်။

ထို့အပြင် တခြားရုပ်သံလိုင်းအားလုံး၏ တစ်ပတ်စာအစီအစဉ်များကို အသေးစိတ်ဖော်ပြထားပြီး ကြည့်သင့်သောအစီအစဉ်များကို Highlight တင်ပြထားသည်။ 5 Movies, 5 Series ရုပ်သံလိုင်းများမှ ထုတ်လွှင့်မည့်အစီအစဉ်များကိုလည်း တစ်ပတ်စာ ရေးဆွဲထားသည့်အပြင် ကလေးငယ်များအတွက် Cartoon Network နှင့် 5 Cartoon မှ ထုတ်လွှင့်ပြသမည့် ကာတွန်းကားဇာတ်လမ်းအကျဉ်းချုပ်များ၊ အချိန်ဇယားများကို ဖော်ပြထားသည်။ ထို့အပြင် Mandalay FM တွင်ထုတ်လွှင့်မည့် ရောက်တတ်ရာရာအစီအစဉ်တွင် စွယ်စုံရအနုပညာရှင် အကယ်ဒမီသုမောင်နှင့် သျှီတို့ကို တွေ့ဆုံထားပြီး MRTV-4 Free Channel ၌ ထုတ်လွှင့်နေသော FMF အစီအစဉ်တွင် စန္ဒီမြင့်လွင်၊ ထွန်းထွန်း(Examplez)၊ စောညီညီ(Too Big)တို့၏ သီချင်းများနှင့် ဖက်ရှင်များအကြောင်းကို ရေးသားထားသည်။

မိမိနှင့် မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိ အသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြားလမ်းညွှန်ကို Novel Light Express ဖုန်း-၃၉၁၁၈၆၊ ၂၄၃၈၉၃ ဖြန့်ချိရေးမှ ဖြန့်ချိလိုက်ပြီဖြစ်ရာ အပတ်စဉ်သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ ***(သတင်းစဉ်)***

● *ကျောဖုံးမှ*

လူနာနေထိုင်ရာ အဆောက်အအုံတွင် နေထိုင်သူ ၁၄၀၊ အဆိုပါ အဆောက်အအုံ၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်း ၁၃၃ဦးနှင့် လူနာတက်ရောက်ရာ ကျောင်းရှိ ကျောင်းသား စုစုပေါင်း ၄၀၀တို့အား နေထိုင်ရာနေရာ၌ပင် တုပ်ကွေးရောဂါလက္ခဏာ ရှိ မရှိ စောင့်ကြပ်ကြည့်ရှုခြင်း(Active Surveillance)တို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆေးရုံမှဆင်း

မြန်မာနိုင်ငံတွင် ယနေ့အထိ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားသူ ၂၇ဦးရှိပြီး ၂၃ဦးမှာ ရောဂါပျောက်ကင်းသဖြင့် ဆေးရုံမှဆင်းပေးပြီးဖြစ်ကြောင်း၊ ကျန်လူနာလေးဦးကိုလည်း အထူးကုဆရာဝန်ကြီးများက စနစ်တကျ ပြုစုစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

ယနေ့အထိ ကမ္ဘာ့လူတုပ်ကွေးရောဂါပိုး New Influenza A(H1N1) ဟု သံသယရှိသူ ၂၀၀အား ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနမှ စမ်းသပ်စစ်ဆေးခဲ့ရာ ပိုးတွေ့ရှိသူ ၂၇ဦးရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေး ဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ ဘယ်အချိန်မှာ လက်ကို ဆပ်ပြာဖြင့် ဆေးကြောသင့်ပါသလဲ။

ဖြေ။ ။ ရောဂါကူးစက်မှု နည်းလမ်းများအရ အောက်ပါအခြေအနေများကို ဆောင်ရွက်ပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောရမည်-

- **နှာချေ၊ ချောင်းဆိုးပြီးချိန်၊**
- **လုပ်ငန်းဆောင်ရွက်ပြီး ပြင်ပမှ ပြန်လာချိန်၊**
- **လူနာအသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ခြင်းနှင့် လူနာကို ပြုစုပြီးချိန်၊**
- **မိမိ၏ ပါးစပ် နှာခေါင်းစည်း ဖြုတ်သောအချိန်၊**
- **အစာမစားမီနှင့် စားပြီး ပြီးချိန်၊**
- **လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းသည် အသက်ရှူလမ်းကြောင်းမှ ဝင်ရောက်သော ရောဂါများနှင့် အစာအိမ်လမ်းကြောင်းမှ ဝင်ရောက်လာသော ရောဂါများကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။**

မေး။ ။ ပါးစပ် နှာခေါင်းစည်း ဘယ်လို တပ်ဆင်အသုံးပြုရပါမလဲ။

ဖြေ။ ။ ရောဂါကာကွယ်ရေးအတွက် လက်ကို သန့်စင်စွာ ဆေးကြောခြင်း၊ ပါးစပ်နှာခေါင်းစည်း အသုံးပြုခြင်း၊ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်း စသည့် အဓိကကျသော နည်းလမ်းများအနက် ပါးစပ် နှာခေါင်းစည်း အသုံးပြုခြင်းသည် တစ်ခု ဖြစ်ပါသည်။

ပါးစပ် နှာခေါင်းစည်းကို အောက်ပါအတိုင်း စနစ်တကျ အသုံးပြုရန် လိုအပ်ပါသည်-

- **ပါးစပ်နှင့် နှာခေါင်းအား လုံခြုံအောင် တပ်ဆင်ရမည်၊**
- **ပါးစပ် နှာခေါင်းစည်းတပ်ဆင်ချိန်တွင် ပိုးမွှားများ ပြင်ပတွင်ကပ်နိုင်သဖြင့် လက်ဖြင့် ထိတွေ့ကိုင်တွယ်ခြင်းကို ရှောင်ရှားရမည်၊**
- **ပါးစပ် နှာခေါင်းစည်း စိုထိုင်းလာလျှင် ပိုးမွှားများ လွယ်ကူစွာ ကပ်နိုင်သဖြင့် အသစ် လဲလှယ်တပ်ဆင်ရမည်၊**
- **ပါးစပ် နှာခေါင်းစည်းများကို အသုံးပြုပြီးလျှင် ပိုးသန့်စင်ရမည်၊**
- **တစ်ခါသုံး ပါးစပ် နှာခေါင်းစည်းများကို ပိုးသန့်စင်ပြီး စနစ်တကျ စွန့်ပစ်ရမည်၊**
- **ပြန်လည်အသုံးပြုနိုင်သော ပါးစပ် နှာခေါင်းစည်းများကို ပိုးသန့်စင်ပြီး သေချာစွာ လျှော်ဖွပ်၍ အသုံးပြုရမည်၊**
- **ပိုးသန့်စင်ရာတွင် 0.5% available chlorine ရရှိစေရန် Bleaching powder ဟင်းစားဇွန်း နှစ်ဇွန်းကို ရေတစ်လီတာဖြင့် ဖျော်စပ်၍ မိနစ်(၃၀) စိမ်ထားကာ အသုံးပြုနိုင်သည်၊ မရှိပါက ရေနွေးဖြင့်ပြုတ်၍ ပိုးသန့်စင်ရမည်၊**
- **ပါးစပ်နှာခေါင်းစည်းများ အသုံးပြုပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် သေချာစွာ ဆေးကြောရမည်။ အရက်ပြန် (Alcohol rub) ကို အသုံးပြုနိုင်သည်၊**
- **ပါးစပ်နှာခေါင်းစည်းများကို စနစ်တကျအသုံးပြုမှသာ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ပါသည်။**

ကိုလံဘီယာနိုင်ငံနှင့် သံအဆက်အသွယ်ဖြတ်တောက်ရန် အသင့်ရှိကြောင်း ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ် ပြောကြား

ကရာကတ်စ် ဩဂုတ် ၂၇

အမေရိကန်စစ်အခြေစိုက်စခန်းများကို ကိုလံဘီယာနိုင်ငံတွင်ထားရှိရန်ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ဗင်နီဇွဲလားနှင့် ကိုလံဘီယာနှစ်နိုင်ငံသည် အငြင်းပွားလျက်ရှိစဉ် ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်က ကိုလံဘီယာနိုင်ငံနှင့် သံတမန်အဆက်အသွယ် ဖြတ်တောက်ရန် အသင့်ရှိကြောင်း ပြောကြားလိုက်သည်။

ကိုလံဘီယာနိုင်ငံတွင် လက်ဝဲသောင်းကျန်းသူများ၏ မူးယစ်ဆေးဝါးရောင်းဝယ်မှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အမေရိကန်စစ်စခန်းခုနစ်ခု တည်ဆောက်ခွင့်ပြုမည့် ကိုလံဘီယာအစိုးရ၏ ဆုံးဖြတ်ချက်အပေါ် သမ္မတချာဗက်ဇ်က ဒေါသဖြစ်လျက်ရှိသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ချောတိုင်တက်ပွဲကျင်းပ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ချောတိုင်တက်ပွဲ ကျင်းပလျက်ရှိသည်ကို ဩဂုတ် ၂၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

A(H1N1)ဖြင့် သေဆုံးသူ မက္ကဆီကိုနိုင်ငံ၌ ၁၇၉ဦးရှိလာ

မက္ကဆီကိုစီးတီး ဩဂုတ် ၂၇

မက္ကဆီကိုနိုင်ငံတွင် A(H1N1)ရောဂါကြောင့် သေဆုံးသူ ၁၇၉ဦးအထိရှိလာပြီး နိုင်ငံတွင်း၌ ရောဂါကူးစက်ခံရသူ ၂၀၈၆၀ ရှိကြောင်း မက္ကဆီကိုကျန်းမာရေးဝန်ကြီးဌာနက ကြေညာသည်။

အဆိုပါ ရောဂါကူးစက်ခံရသူများတွင် ၈၅ဒသမ ၅ရာခိုင်နှုန်းသည် ချောင်းဆိုးသည့် ရောဂါလက္ခဏာများတွေ့ရပြီး ၈၃ဒသမ၃ရာခိုင်နှုန်းမှာ ဖျားနာသည့် ရောဂါလက္ခဏာပြသသည်ဟု ဆိုသည်။

တွေ့နေရ

ထို့ပြင် ၇၅ဒသမ ၄ရာခိုင်နှုန်းသည် အသက်ရှူကျပ်သည့် လက္ခဏာများ တွေ့ရသည်ဟုဆိုသည်။

ရောဂါဖြစ်ပွားသူများအနက် ၄၉ ဒသမ ၂ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ပြီး ၅၀ဒသမ၈ရာခိုင်နှုန်းမှာ အမျိုးသားများ ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ **(အင်တာနက်)**



ကျောက်ဖြစ်ရုပ်ကြွင်း

တရုတ်နိုင်ငံမြောက်ပိုင်း ထင်ကျန်းဒေသ ကျီစီရင်စုရှိ ဘူမိပြတိုက်တွင် ပြသထားသော ကျောက်ဖြစ်ရုပ်ကြွင်းကို ဩဂုတ် ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်လေကြောင်းလိုင်း အစုရှယ်ယာတန်ဖိုး မြင့်တက်

ပေကျင်း ဩဂုတ် ၂၇

တရုတ်လေကြောင်းကုမ္ပဏီ အဲယားချိုင်းနားက ၂၀၀၉ခုနှစ် ပထမနှစ်ဝက်တွင် လွန်ခဲ့သည့်တစ်နှစ်ကထက် အမြတ်ငွေနှစ်ဆရရှိကြောင်း ကြေညာပြီးနောက် ယင်း၏ စတော့ရှယ်ယာတန်ဖိုးမှာ ရှန်ဟိုင်းစတော့ဈေးကွက်၌ ၆ဒသမ ၂၅ ရာခိုင်နှုန်း မြင့်တက်ကာ ဩဂုတ်၂၆ရက် နံနက်ပိုင်းက ၇ဒသမ ၆၅ယွမ်ဖြင့် ဈေးပိတ်သွားသည်။

ကြေညာ

အဆိုပါကုမ္ပဏီ၏အမြတ်ငွေသည် ၂၀၀၉ခုနှစ် ပထမခြောက်လအတွင်း၌ ယွမ် ၂ဒသမ၉၃ဘီလီယံ (အမေရိကန် ဒေါ်လာ ၄၂၈သန်း)ရှိကာ လွန်ခဲ့သည့် တစ်နှစ်ကထက် ၁၅၁ရာခိုင်နှုန်းမြင့်တက်ကြောင်း ဩဂုတ် ၂၆ရက်က ကြေညာသည်။

ယင်းကဲ့သို့ ကုမ္ပဏီ၏ အမြတ်ငွေတိုးတက်ရခြင်းမှာ လောင်စာဆီဈေးနှုန်း မြင့်တက်ခြင်းကို ထိန်းချုပ်နိုင်ခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။

(အင်တာနက်)

ဆေးလိပ်သောက်မှုကြောင့် လာမည့်နှစ်အတွင်း လူခြောက်သန်းခန့် သေဆုံးဖွယ်ရှိ

ဝါရှင်တန် ဩဂုတ် ၂၇

ဆေးလိပ်သောက်သုံးခြင်းဖြင့် ကင်ဆာရောဂါ၊ နှလုံးရောဂါနှင့်အခြားသောရောဂါများဖြစ်ပွားခြင်းကြောင့် လာမည့်နှစ်တွင် ကမ္ဘာတစ်ဝန်း၌ လူခြောက်သန်းခန့် သေဆုံးဖွယ်ရှိသည်ဟု ဩဂုတ် ၂၅ရက်က ထုတ်ဝေသော ကမ္ဘာ့ကင်ဆာကျွမ်းကျင်သူများအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လေ့လာတွေ့ရှိချက်အများအရ ဆေးလိပ်သောက်သုံးခြင်းကြောင့် ဖြစ်ပေါ်လာသည့်ရောဂါများအား ကုသစရိတ်သည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ဘီလီယံ ငါးရာကုန်ကျနိုင်ပြီး ကုန်ထုတ်လုပ်မှုများ ကျဆင်းစေသည့်အပြင် ပတ်ဝန်းကျင်ကိုပါ ဘေးအန္တရာယ်ထိခိုက်ဖြစ်ပွားစေနိုင်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

နိုင်ငံတကာကားပြပွဲ

ရုရှားနိုင်ငံမော်စကိုမြို့တွင် (၅)ကြိမ်မြောက် နိုင်ငံတကာကားပြပွဲ ကျင်းပနေသည်ကို ဩဂုတ် ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်သို့ ကနေဒါတပ်ဖွဲ့များ ထပ်မံစေလွှတ်မည်မဟုတ်ဟုဆို

အော့တဝါ ဩဂုတ် ၂၇

ကနေဒါအစိုးရအနေဖြင့် အာဖဂန်နစ္စတန်သို့ တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်တော့မည်မဟုတ်ကြောင်း ကာကွယ်ရေးဝန်ကြီး ပီတာမက်ခ်ကေးက ပြောကြားသည်။

တိုက်တွန်း

အာဖဂန်၌ စစ်ဆင်ရေးဆင်နွှဲမှုများကို ၂၀၁၁ခုနှစ်အစောပိုင်းတွင် အဆုံးသတ်ရန် လျာထားပြီး နေတိုးကယင်းဒေသသို့ တပ်ဖွဲ့များတိုးမြှင့်စေလွှတ်ပေးရေး အခြားနိုင်ငံများအား တိုက်တွန်းလျက်ရှိသည်။

ပယ်ချ

ကနေဒါနိုင်ငံသည် ၂၀၀၂ ခုနှစ်မှစတင်ကာ အာဖဂန်သို့ တပ်ဖွဲ့များစေလွှတ်ထားခဲ့ပြီး ၂၀၁၁ခုနှစ်တွင် တပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်ခြင်းကို အဆုံးသတ်ရန် ပါလီမန်က အတည်ပြုထားပြီးဖြစ်သည်။ ပြီးခဲ့သည့်လအတွင်းတွင် နေတိုးခေါင်းဆောင်သစ် အန်ဒရက်စ်ဖို့ရက်စ်မက်စ်ဆန်၏တပ်ဖွဲ့များ တိုးမြှင့်စေလွှတ်ပေးရန် တောင်းဆိုချက်ကို ကနေဒါအစိုးရက ပယ်ချခဲ့သည်။ **(အင်တာနက်)**

သီရိလင်္ကာတွင် တိုက်ပွဲဖြစ်ပွား တမီးလ်သူပုန်နှစ်ဦးသေဆုံး

ကိုလံဘို ဩဂုတ် ၂၇

သီရိလင်္ကာနိုင်ငံ ကာမူနာအီပြည်နယ်အရှေ့ပိုင်းတွင် ရဲတပ်ဖွဲ့နှင့် သူပုန်များ ဩဂုတ်၂၅ရက်က တိုက်ပွဲဖြစ်ပွားရာ တမီးလ်သူပုန်ဟောင်း နှစ်ဦးထက်မနည်း သေဆုံးသည်ဟု အာဏာပိုင်များက ပြောကြားသည်။

သတ်ဖြတ်ခဲ့

သေဆုံးသောသူပုန်နှစ်ဦးသည် အဆိုပါဒေသတွင် ဧပြီလအတွင်းက ရဲတပ်ဖွဲ့အကြီးအကဲတစ်ဦးကို သတ်ဖြတ်ခဲ့သူများဖြစ်သည်ဟု ဆိုသည်။

ပြီးခဲ့သည့် မေလအတွင်းက မြောက်ဘက်နှင့် အရှေ့ဘက်ဒေသများ၌ တမီးလ်သူပုန်များအပြီးတိုင်ချေမှုန်းခံရခြင်းမတိုင်မီ ၂၀၀၇ခုနှစ်အတွင်းက ၎င်းတို့အား အစိုးရတပ်ဖွဲ့ဝင်များက အရှေ့ပိုင်းပြည်နယ်မှ တိုက်ထုတ်ခဲ့သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွား အရပ်သားများသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ ဩဂုတ်၂၇ရက်က ကားဗုံးတစ်လုံးနှင့် လမ်းဘေးဗုံးနှစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သားတစ်ဦး သေဆုံးပြီး ၁၇ဦး ဒဏ်ရာရရှိသွားသည်။

ပျက်စီး

ဘဂ္ဂဒက်မြို့မြောက်ဘက် တာဂျီမြို့ရှိ ကားပါကင်တစ်ခု၌ ကားဗုံးပေါက်ကွဲခဲ့ရာ တစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားသည်။ အဟာမီရာမြို့၌လည်း လမ်းဘေးဗုံးနှစ်လုံး ပေါက်ကွဲခဲ့ရာ ၁၂ဦးသေဆုံးပြီး အနီးအနားရှိဆိုင်ခန်းများလည်း ပျက်စီးသွားခဲ့ကြောင်းသိရသည်။ **(အင်တာနက်)**

ထိုင်းတောင်ပိုင်း၌ ကားဗုံးပေါက်ကွဲ ၄၂ဦး ဒဏ်ရာရရှိ

နာရာသီဝပ် ဩဂုတ် ၂၇

ထိုင်းနိုင်ငံတောင်ဘက်အစွန်းရှိ နာရာသီဝပ်ပြည်နယ်၌ ဩဂုတ် ၂၅ရက်က စားသောက်ဆိုင်အပြင်ဘက်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ၄၂ဦး ဒဏ်ရာရရှိခဲ့ပြီး အနည်းဆုံး လေးဦးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း သိရသည်။

သေဆုံး

၄င်းပေါက်ကွဲမှုဖြစ်ပွားရာ နာရာသီဝပ်ပြည်နယ်သည် ခွဲထွက်ရေးသမားများ၏ တိုက်ခိုက်မှုကို ငါးနှစ်ကြာ ခံစားနေရသော ပြည်နယ်သုံးခုတွင် တစ်ခုအပါအဝင်ဖြစ်သည်။

အမ်အင်န်အေ၊ ရိုက်တာ

ကွန်ဂို၌ ကုန်တင်လေယာဉ်ပျက်ကျ လေယာဉ်ဝန်ထမ်း ခြောက်ဦးသေဆုံး

ကင်ရှာဆာ ဩဂုတ် ၂၇

ကွန်ဂိုနိုင်ငံ ဘာရာဇာဗီလီမြို့အနီး၌ ဩဂုတ်၂၆ရက်က ကုန်တင်လေယာဉ်ပျက်ကျခဲ့ရာ ခြောက်ဦးသေဆုံးခဲ့ကြောင်း ဆင်ဟွာက သတင်းထုတ်ပြန်သည်။ (ဓါတ်ပုံ)

သေဆုံး

အန်တိုနိုဗ် -၁၂ အမည်ရှိ ကုန်တင်လေယာဉ်မှာ ပွိုင့်နွိုရီမြို့မှပျံသန်းပြီး တစ်နာရီခန့်အကြာတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်ဝန်ထမ်း ယူကရိန်းနိုင်ငံသားငါးဦးနှင့် ကွန်ဂိုနိုင်ငံသားတစ်ဦးတို့ သေဆုံးခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပျက်ကျသည့် အကြောင်းအရင်းကိုမူ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

28-8 (04).pmd 1 8/28/2009, 2:12 AM

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

ကိုလံဘီယာ၌ ကန်စစ်အခြေစိုက်စခန်းထားရှိရေး ဒေသတွင်းနိုင်ငံများကန့်ကွက်

ကိုလံဘီယာနိုင်ငံတွင် အမေရိကန်စစ်အခြေစိုက်စခန်းထားရှိရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ရာ ဒေသတွင်းနိုင်ငံများဖြစ်သော ဥရုဂွေး၊ အီကွေဒေါ၊ အာဂျင်တီးနား၊ ဘရာဇီးနှင့် ဗင်နီဇွဲလားနိုင်ငံတို့က ဩဂုတ် ၂၇ရက်က ကန့်ကွက်ခဲ့ကြသည်။

တရုတ်အနောက်တောင်ပိုင်း၌ ကျောက်မီးသွေးတွင်းပေါက်ကွဲ

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကိုင်ကျိုပြည်နယ် ကျန်စီ စီရင်စု၌ ဩဂုတ် ၂၇ရက်က ကျောက်မီးသွေးမိုင်းတွင်း ပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းလုပ်သားခုနစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှားအရှေ့ပိုင်း၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း ဂိုရွန်တာလိုပြည်နယ်တွင် ဩဂုတ် ၂၇ရက်က ရစ်ချ်တာစကေး ၅ ဒသမ ၇ရှိ ငလျင်လှုပ်သွားခဲ့ရာ နေအိမ်များ ယိမ်းထိုးလှုပ်ခါသွားခဲ့ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

အင်္ဂါဂြိုဟ်သို့ ပျံသန်းမည့် အာကာသယာဉ် တည်ဆောက်ရေးဖိတ်ခေါ်

အင်္ဂါဂြိုဟ်သို့ အာကာသခရီးသွားဧည့်သည်လိုက်ပါရေးဆိုင်ရာ ညီလာခံတစ်ရပ်ကို ရုရှားနိုင်ငံ မော်စကိုမြို့၌ ဩဂုတ် ၂၇ရက်က ကျင်းပသည်။ အင်္ဂါဂြိုဟ်သို့ ပျံသန်းမည့် အာကာသယာဉ်တည်ဆောက်ရေးအတွက်လည်း နိုင်ငံတကာကုမ္ပဏီများအား ဖိတ်ခေါ်ထားကြောင်း သတင်းထုတ်ပြန်သည်။ ***(အောက်ပုံ)***



ကယ်လီဖိုးနီးယားပြည်နယ်၌ တောမီးလောင်ကျွမ်း

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းတွင် ဩဂုတ် ၂၇ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်လျက်ရှိကြောင်း တောမီးမှာ စတုရန်းမိုင် ၂ဒသမ၆ မိုင်အထိ လောင်ကျွမ်းခဲ့ကြောင်း မီးသတ်အရာရှိများက ပြောကြားသည်။

ဟန်ဂေရီ ဘူဒါပက်မြို့ သံရုံးတစ်ရုံး၌ ဗုံးတွေ့ရှိ

ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့ရှိ ဆလိုဗက်သံရုံးတွင် ဩဂုတ် ၂၇ရက် နံနက်က ဗုံးနှစ်လုံးတွေ့ရှိခဲ့ရာ သတိပေးချက်များထုတ်ပြန်ပြီး အမြန်ရှင်းလင်းခဲ့ရကြောင်း၊ တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း ဟန်ဂေရီရဲတပ်ဖွဲ့က ပြောကြားသည်။

တရုတ်အရှေ့မြောက်ပိုင်း၌ လူနေအဆောက်အအုံ မီးလောင်မှုဖြစ်ပွား

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျီလင်ပြည်နယ် ယောင်ယွန်မြို့တွင် ဩဂုတ် ၂၇ ရက်က လူနေအဆောက်အအုံတစ်လုံး မီးလောင်ခဲ့ရာ ခြောက်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ (အောက်ပုံ)



အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chu Chong Phung လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၇

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chu Chong Phung သည် ဩဂုတ် ၂၆ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေး

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား EGAT International Company Limited မှ Acting Managing Director Mr. Prutichai Chonglertvanichkul၊ Sinohydro (Thailand) Co.,Ltd မှ Managing Director Mr. Zhang Lei နှင့်အဖွဲ့တို့ ဆက်လက်တွေ့ဆုံကြပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံကြရာတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

သတိပေးထား

ထို့ကြောင့် ကိုယ်အလေးချိန် ပုံမှန်အတိုင်း ထိန်းထားသင့်ပြီး အဝလွန်မှုကြောင့် ဦးနှောက်ဆဲလ်များ ပျက်စီးကာ တစ်သျှူးများ သန်မာမှုမရှိသည့်အပြင် ဦးနှောက်မှတ်ဉာဏ်အစိတ်အပိုင်း၌ ချို့ယွင်းမှုများဖြစ်ပေါ်ကာ အသက်အရွယ် ရလာပါက စိတ်ကစဉ့်ကလျားရောဂါ ရရှိစေနိုင်ကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက သတိပေးထားသည်။ ။

ရှောင်လေ ဝေးဝေး မူးယစ်ဆေး

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိမည်

ရန်ကုန် ဩဂုတ် ၂၇

<u>**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ**</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့်မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

<u>**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ**</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

<u>**ဩဂုတ် ၂၈ရက် ညနေအထိ ခန့်မှန်းချက်မှာ**</u> မွန်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>**မြန်မာ့ပင်လယ်ပြင်တွင်**</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ**</u> မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

<u>**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်**</u> နေရာကွက်ကျားမိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်**</u> နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်**</u> နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်မည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အထက(၂)ဖန်းမော် အာစရိယပူဇော်ပွဲ

ဖန်းမော် ဩဂုတ် ၂၇

ဖန်းမော်မြို့ အထက(၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၅ရက် (ကမ္ဘာ့ဆရာများနေ့)တွင် ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အလှူငွေနှင့် လှူဖွယ်ပစ္စည်း လှူဒါန်းလိုသူများသည် ရန်ကုန် ဦးအောင်ထက်(ဖုန်း) ၀၉- ၅၁-၁၅၆၈၈၊ ဦးအောင်ယု ၀၉-၅၀-၀၃၆၀၄၊ ဒေါ်နီနီ ၀၁-၂၂၉၃၂၂၊ မန္တလေး ဦးချစ်ရီ ဖုန်း- ၀၉-၂၀-၂၀၁၁၂၊ ဦးမြင့်သန်း ဖုန်း- ၀၉-၂၀-၀၂၉၇၉၊ ဦးစိုးကျော့-၀၉-၂၀-၁၈၄၃၈၊ မြစ်ကြီးနား/ဖားကန့် ဦးသိန်းဝင်း ဖုန်း-၀၇၄-၂၀၆၇၁၊ ဦးပီတာဒွဲလ ဖုန်း- ၀၇၄-၂၂၄၉၀၊ ဦးလဗျနော် ဖုန်း-၀၉-၉၀-၄၆၂၂၉၊ ဖန်းမော် အထက(၂) ကျောင်းအုပ်ကြီး ဦးစင်ယူတန်ဂွန်း ဖုန်း- ၀၇၄-၅၀၂၇၈၊ကျောင်း အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးထွန်းမြင့်ထွန်း ဖုန်း-၀၇၄- ၅၀၅၄၆နှင့် ဦးချစ်ကို ဖုန်း-၀၇၄-၅၀၇၉၀ တို့သို့ အချိန်မီဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာဂေါက်သီးရိုက်အသင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဩဂုတ် ၂၇

ဒေါက်တာဉာဏ်မြင့်သည် ကစားဖော်များဖြစ်ကြသော ဦးနေစိုးနိုင်၊ ဦးစိုင်းသိန်းမောင်၊ ဦးမျိုးချစ်တို့နှင့်အတူ ဩဂုတ် ၂၅ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားရာ Srixon Soft Feel No.(1) ဘောလုံးကို Nike(cci) Iron No.(6) တုတ်ဖြင့်ရိုက်လိုက်ရာ ၁၅၄ ကိုက်ရှိ ကျင်းအမှတ် ၁၇တွင် တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း၊ ယခုအကြိမ်သည် ဒေါက်တာဉာဏ်မြင့်အနေဖြင့် သုံးကြိမ်မြောက် တစ်ချက်တည်း ကျင်းဝင်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေကြည်မြို့ မြို့မ အထက(ခွဲ)တွင် ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ရေကြည် ဩဂုတ် ၂၇

ဧရာဝတီတိုင်း ရေကြည်မြို့ မြို့မ အထက(ခွဲ)တွင် ဩဂုတ် ၂၄ရက် မွန်းလွဲ ၁နာရီက အသိပညာပေးဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးစောထွန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန မှ ကျန်းမာရေးမှူး ဦးထွန်းအောင်ကျော်က ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါအကြောင်း၊ မြို့နယ်တိုင်းရင်းဆေးခန်းမှူး ဒေါ်ချိုချိုသိန်းက အစာလည်းဆေး ဆေးလည်းအစာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှ မြို့နယ်ဦးစီးမှူးဒေါ်မြစီက စာပေစွမ်းအင်နှင့် စာကြည့်တိုက်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ သိန်းဇော်(ရွှေလီဦး)က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသီးသီး ဟောပြောခဲ့ကြသည်။

လှူဒါန်း

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာရေးဆရာ သိန်းဇော်(ရွှေလီဦး)တို့က သုတရသစာအုပ်များ လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွှန့်ညွှန့်ငွေးက လက်ခံယူသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

သစ်တောရေးရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဒီမော့ဆိုနှင့် လွိုင်ကော်မြို့နယ် ဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၇

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်တို့သည် ဩဂုတ် ၂၃ရက် နံနက်ပိုင်းက ဒီမော့ဆိုမြို့နယ် နန်းမယ်ခုံအခြေခံပညာ အထက်တန်းကျောင်း တိုးချဲ့ကျောင်း ဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားကြပြီး ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီး၊ ပြည်နယ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်ကို လှည့်လည် ကြည့်ရှုကြသည်။ **(ဝဲပုံ)**

အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ၉၀၊ အနံပေ၃၀ရှိပြီး ငွေကျပ် ၁၃၄သိန်း အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်သည်။

လှူဒါန်း

ထို့နောက် ဝန်ကြီး၊ ပြည်နယ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နန်းမယ်ခုံ တိုက်နယ်ဆေးရုံ၌ ဆေးရုံတက်ရောက်နေသည့် လူနာများအား အားပေးစကားပြောကြား၍ ထောက်ပံ့ငွေများပေးအပ်ပြီး ဆေးရုံအတွက် အောက်ဆီဂျင်စက်နှင့် ဆေးပဒေသာပင်တို့ကို လှူဒါန်းကြသည်။

ယင်းနောက် ဝန်ကြီး၊ ပြည်နယ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဒီမော့ဆိုမြို့နယ် အိုကေကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌက ပြည်နယ်ပညာရေးမှူးထံ ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး ပြည်နယ်ဥက္ကဋ္ဌနှင့် အလှူရှင်တို့က ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ် လှူဒါန်းကြသည်။ ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားပြီး ဝန်ကြီးက စာသင်ခုံနှင့် ရုပ်မြင်သံကြား ပြစက်များအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တာဝန်ရှိသူများကကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၆၀၊ အနံပေ ၃၀ရှိပြီး ငွေကျပ် ၁၀၄သိန်း အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်သည်။

တွေ့ဆုံ

ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ဒီမော့ဆိုမြို့နယ် ဘုရားဖြူကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဘုရားဖြူကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၂၄ရက် နံနက်ပိုင်းက လွိုင်ကော်မြို့နယ် ပဒါးညေးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

စစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)၊ လွိုင်ကော်မြို့နယ် နမ့်ဘောဝမ်(ရှမ်း)၊ အခြေခံပညာ မူလတန်းကျောင်းနှင့် ရေနီကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့ကို ကြည့်ရှု စစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ကယားပြည်နယ် အကြိုညီလာခံ(၂၀၀၉)ကျင်းပ

လွိုင်ကော် ဩဂုတ် ၂၇

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ကယားပြည်နယ် အကြိုညီလာခံ (၂၀၀၉) အစည်းအဝေးကို ဩဂုတ် ၁၃ရက် နံနက် ၈နာရီခွဲက လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ နာယက ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက် အမှာစကားပြောကြားပြီး **(ယာအောက်ပုံ)** သဘာပတိ ဒုတိယဗိုလ်မှူးကြီးမင်းဒင်(ငြိမ်း)က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကယားပြည်နယ် အကြိုညီလာခံ (၂၀၀၉) အစီရင်ခံစာကို ဗိုလ်ကြီး ညွန့်သန်းလွင်(ငြိမ်း)က ဖတ်ကြားပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ကယားပြည်နယ် အကြိုညီလာခံသို့ ဗိုလ်မှူးကြည်ဝင်း(ငြိမ်း)က အမျိုးသားနိုင်ငံရေးကဏ္ဍ အစီရင်ခံစာကိုလည်းကောင်း၊ ဗိုလ်ကြီးမောင်မောင်တာ(ငြိမ်း)က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ အစီရင်ခံစာကို လည်းကောင်း၊ ဗိုလ်ကြီးခင်မောင်ကြည်(ငြိမ်း)က စီးပွားရေးကဏ္ဍ အစီရင်ခံစာကို လည်းကောင်း၊ ဗိုလ်ကြီးထွန်းဇော်ချစ်(ငြိမ်း)က လူမှုရေးနှင့်သက်သာချောင်ချိရေးကဏ္ဍ အစီရင်ခံစာကို လည်းကောင်း၊ အရာခံဗိုလ် ခင်မောင်ရီ(ငြိမ်း)က ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ အစီရင်ခံစာကို လည်းကောင်း ဆွေးနွေး တင်သွင်းကြသည်။

ရုပ်သိမ်း

ထို့နောက် သဘာပတိအစည်းအဝေးမှ ချမှတ်သည့် ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ဆန္ဒရယူပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ကယားပြည်နယ် အကြိုညီလာခံကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ကြည့်ရှုစစ်ဆေး

စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ဩဂုတ် ၁၁ရက်က စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကျေးလက်လမ်းဖြစ်သော ဆွမ်းချက်-တင်းတိပ်ရွာ ဆက်သွယ်လမ်း (ကောင်းမှုတော်ပတ်လမ်း) ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော် မြန်မာ့အသံ

(စနေနေ့-နံနက်+နေ့လယ်+ည)

(၂၉-၈-၂၀၀၉)

၇:၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅	တရားတော် **(ပုဗ္ဗဏှသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၂၀	(၃၈)ဖြာမင်္ဂလာ
၇:၃၅	နံနက်ခင်းတေးပဒေသာ
၈:၀၀	စံတော်ချိန် + သတင်း ဆောင်းပါး
၈:၁၀	နံနက်ခင်းတေးပဒေသာ
၈:၃၀	လောကနီတိ အသိရှိစေဖို့ (နိုင်ငံသားနှင့် သူ၏အရည်အချင်း)
၈:၄၀	တေးပဒေသာ
၉:၃၀	ဘဝအသွင် ကဗျာ့အမြင် (လူနဲ့ဥစ္စာ ဒုက္ခသာ) တေးပဒေသာ
၉:၄၅	အာဆီယံအစီအစဉ်
၁၀:၀၀	**(၁၇)ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲဝင်များ လေ့လာရန်(ကာလပေါ်၊ ခေတ်ဟောင်း၊ ခေတ်အကြိုက်တေး)** မွေးနေ့လက်ဆောင်
၁၀:၃၀	သတင်းစာအာဘော်
၁၀:၃၅	တေးပဒေသာ
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	ကလေးများအတွက်ပုံပြင် (နာခံတတ်သူ) နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၅	ဇာတ်လမ်းပမာနားဆင်စရာ (မင်းကတော်)
၁၁:၅၅	တေးပဒေသာ
၁၂:၀၀	စံတော်ချိန် ချစ်ချင်းဖြေသိမ့်တေးသံငြိမ့်(၁၅)
၁၂:၂၀	ယဉ်ကျေးမှုအနုပညာ (လူရွှင်တော်ကြီး ဦးချစ်ဖွယ်)
၁၂:၃၀	ဟန်မျိုးစုံညီ တေးကိုသီ
၁၃:၀၀	မွန်းလွဲပိုင်းသတင်း
၁၃:၁၀	ပညာရေးအစီအစဉ် (ပညာရေးအထူးအစီအစဉ်) (ပညာရေးအကောင်အထည်ဖော်မှုဆိုင်ရာလမ်းညွှန်ချက်များ)
၁၃:၃၀	အစီအစဉ်ပြီး၏။
၁၆:၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀	ဆောင်းပါး
၁၆:၃၀	သောတရှင်လိုရာတေး
၁၇:၀၀	လေလှိုင်းကြားက ပွဲတင်သံ
၁၇:၁၅	တေးပဒေသာ
၁၇:၂၅	သတင်းစာဆောင်းပါး
၁၇:၃၀	ခေတ်မရွေးသောတေးများ
၁၈:၀၀	ညနေခင်းသတင်း
၁၈:၁၅	တေးချစ်သူရွေးသီ တေးပန်းချီ
၁၈:၃၀	တေးပဒေသာ
၁၉:၀၀	နိုင်ငံတကာသတင်း
၁၉:၀၅	**(၁၇)ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲဝင်များ လေ့လာရန် မဟာဂီတ** နိုင်ငံရေးဦးတည်ချက်
၁၉:၁၅	သူ့အကြိုက်သူ့အသွင်
၁၉:၃၀	ကျန်းမာရေးရာသိကောင်းစရာ [ကျန်းမာခြင်းအတွက် နည်း(၁၀) ချက်] တေးပဒေသာ
၂၀:၀၀	ပြည်တွင်းသတင်း သံစဉ်တေးသွား မေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀:၃၀	သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၂၀:၄၅	ညချမ်းချိန်ခါ တေးပဒေသာ
၂၁:၀၀	နိုင်ငံတကာအနုပညာ(၆၁) ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၂၁:၃၀	ညချမ်းချိန်ခါ တေးပဒေသာ
၂၂:၀၀	အစီအစဉ်ပြီး၏။

မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဆရာ ဆရာမများအားဂုဏ်ပြုပွဲ ခင်ဦး၌ကျင်းပ

ခင်ဦး ဩဂုတ် ၂၇

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ဩဂုတ် ၁၁ရက် နံနက် ၁၀နာရီက ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုပွဲကျင်းပရာ သဘာပတိဦးစိန်လင်းနှင့် မြို့နယ်ပညာရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်တို့က အမှာစကားပြောကြားသည်။

ဖတ်ကြားရှင်းလင်း

ဆက်လက်ပြီး အထကကျောင်းအုပ်ကြီး ဦးဘကျမ်က ပညာရေး၊ သင်ကြားရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးခြင်း၊ အမှုဆောင်အသစ်များဖွဲ့စည်း၍ ငွေစာရင်းရှင်းတမ်းများ ဖတ်ကြားရှင်းလင်းပြီး ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သော ဆရာ ဆရာမ ၂၁ဦးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်တံခါးအထက၌ သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးကုသ

ကျောက်တံခါး ဩဂုတ် ၂၇

ကျောက်တံခါး အထကကျောင်းတွင် ဩဂုတ်၇ရက် နံနက်၉နာရီခွဲက သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာဟောပြောပွဲ ကျင်းပရာ မြို့နယ်သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာကျော်ကျော်ထက်က ပြည်သူများတွင် အဖြစ်များသော သွားပိုးစားရောဂါ၊ သွားဖုံးရောဂါနှင့် ခံတွင်းကင်ဆာရောဂါများဖြစ်ပွားပုံ၊ ရောဂါကာကွယ်ကုသရေးနှင့် စနစ်မှန်သွားတိုက်နည်းများ ရှင်းလင်းတင်ပြသည်။

စစ်ဆေးကုသပေး

ထို့နောက် မူလတန်းကျောင်းသား ကျောင်းသူကလေးများ၏ သွားနှင့်ခံတွင်းကျန်းမာရေး အခြေအနေများကို ကြည့်ရှုစစ်ဆေးဆောင်ရွက်ခြင်းနှင့် ဆေးကုသရန်လိုအပ်သော ကလေးများအား အခမဲ့စမ်းသပ် စစ်ဆေးကုသပေးရေးများ ပြုလုပ်သည်။ **(အောက်ပုံ)**

ကြည့်ရှု

အလားတူ ကျောက်တံခါးမြို့နယ် ကျန်းမာရေးမှူး ဒေါ်အေးအေးဝေ ဦးဆောင်သော ကျန်းမာရေးအဖွဲ့များသည် ကလေးသူငယ်များ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ကျန်းမာကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ **(ဝ၆၇)**

မန္တလေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၉)

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်

နေပြည်တော် ဩဂုတ် ၂၇

မန္တလေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၉)ကို ဩဂုတ် ၁၆ရက် နံနက် ၉ နာရီက မန္တလေး အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေတက်ရောက်၍ အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသည့် စစ်မှုထမ်းဟောင်းများ၏ သားသမီးများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာစာကြည့်တိုက်များ စာငှားစနစ် ကျင့်သုံးရေး ဇန်းမော်၌ ဆွေးနွေး

ဇန်းမော် ဩဂုတ် ၂၇

ဇန်းမော်မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ခိုင်မာရှင်သန်ဖွံ့ဖြိုးရေး၊ ကျေးလက်ပြည်သူများအသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ တိုးပွားရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်၊ မြို့နယ်ဦးစီးမှူး ဒေါ်သီတာအေးနှင့် ဝန်ထမ်းများသည် ဩဂုတ် ၂၁ရက်က သပြေကုန်းကျေးရွာ အောင်သပြေစာကြည့်တိုက်သို့လည်းကောင်း၊ ဩဂုတ် ၂၄ရက်က ကံကြီးကျေးရွာ ဘ၀အလင်းရောင် စာကြည့်တိုက်သို့လည်းကောင်း သွားရောက်ပြီး ရပ်မိရပ်ဖများ၊ စာကြည့်တိုက် ကော်မတီများ၊ စာဖတ်ပရိသတ်များနှင့် တွေ့ဆုံသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ဦးစီးအရာရှိက စာငှားစနစ်ကျင့်သုံးရေး၊ ငွေပဒေသာပင် စိုက်ထူနိုင်ရေး၊စာဖတ်ရှိန်မြှင့်တင်ရေးနှင့်စာအုပ်စာစောင်တိုးပွားရေးတို့ကို ညှိနှိုင်းဆွေးနွေးပြီး ဒေါ်သီတာအေးနှင့် ဝန်ထမ်းများက စာကြည့်တိုက်လုပ်ငန်း စနစ်တကျရှိရေးအတွက်စာအုပ်များစာရင်းသွင်းခြင်း၊ သုတရသခွဲခြားခြင်း၊ တိုက်ပိုင်နံပါတ် ကပ်ခြင်းလုပ်ငန်းအဆင့်ဆင့်တို့ကို လက်တွေ့ပြသဆောင်ရွက်ပေးခဲ့ကြပြီး သတင်းစာနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ကျောက်မဲနှင့် နောင်ချိုမြို့နယ်များတွင် မက္ကဒေးမီးယား စိုက်ပျိုးရေး ပညာပေးဟောပြော

ကျောက်မဲ ဩဂုတ် ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့နယ်နှင့် နောင်ချိုမြို့နယ်များတွင် ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်အထိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းကို ပြည်နယ်မန်နေဂျာဦးဆောင်၍ စီမံကိန်းမန်နေဂျာ၊ ခရိုင်မန်နေဂျာ(ကျောက်မဲ)တို့မှ ကော်ဖီနှင့် လက်ဖက်စိုက်ခင်းများတွင် အရိပ်ရပင်၊ မက္ကဒေးမီးယားစိုက်ပျိုးရေးကို ကွင်းဆင်းစစ်ဆေးစည်းရုံးဆောင်ရွက်ကြသည်။

ထိုသို့ စည်းရုံးဆောင်ရွက်ရာတွင် နောင်ချိုမြို့နယ်၌ ဆီနိုဒါ၊ ခရိအေးရှား ကော်ဖီစိုက်ခင်းလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ကော်ဖီအရိပ်ရ မက္ကဒေးမီးယားပင် စိုက်ပျိုးနိုင်ရေးကို စည်းရုံးဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်ပြီး ကျောက်မဲမြို့ စိမ်းလန်းမြေ လက်ဖက်စိုက်ခင်းတွင် လက်ဖက်အရိပ်ရ မက္ကဒေးမီးယား စိုက်ပျိုးပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးပြီး ပုဂ္ဂလိကလက်ဖက်စိုက်တောင်သူနှင့် မက္ကဒေးမီးယားစိတ်ဝင်စားသူ တောင်သူ ၅၈ ဦးတို့ကို စိမ်းလန်းမြေရှင်းလင်းဆောင်တွင် စီမံကိန်းမန်နေဂျာ ဦးအေးဇော်နှင့် ခရိုင်မန်နေဂျာ ဦးသိန်းလွင်တို့က ပညာပေးဟောပြောပွဲ ကျင်းပကြသည်။ **(အပေါ်ပုံ)**

ကျောက်မဲခရိုင်အတွင်း ၂၀၀၉ ခုနှစ် ဇူလိုင်လကုန်အထိ မက္ကဒေးမီးယား ၂၇၉၁ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးညှင်း၌ စပါးစိုက်ခင်း ငါးမျိုးစိုက်ထည့်

မိုးညှင်း ဩဂုတ် ၂၇

စပါးစိုက်ခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၂၁ရက်က ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဘီလူးစံပြကျေးရွာ ကွင်းအမှတ်(၂၉၇)တွင် ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်လှိုင်က အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်း ဦးစီးမှူး ဦးစန်းမောင်ဦးက စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းသည်။

ထို့နောက် မိုးညှင်းခရိုင်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဘီလူးကျေးရွာ လူမှုရေးအသင်းအဖွဲ့များက အောင်မြင်ဖြစ်ထွန်းနေသည့် စပါးခင်းဧက ၁၀၀အတွင်းသို့ ငါးခုံးမကြီး ငါးသန်ကောင်ရေ ၅၀၀၀၀ကို စိုက်ထည့်ပေးကြသည်။ ***(ခရိုင် ပြန်/ဆက်)***

ရန်ကုန်တောင်ပိုင်းခရိုင် ပြန်/ဆက်ဦးစီးဌာန စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲ သန်လျင်၌ကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာဖတ်ဝိုင်းကို ဩဂုတ် ၂၅ရက်က သန်လျင်မြို့ရှိ ခရိုင်ရုံးခန်းမ၌ ကျင်းပသည်။

ဖတ်ကြားဆွေးနွေး

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးမြတ်လှိုင်က မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ကျော်ရဲမင်း၏ ခရီးရှည်ကြီးအတွက် ပထမဦးဆုံးခြေလှမ်း၊ အကြီးတန်းစာရေး ဒေါ်စန်းစန်းကြည်က ဆောင်းပါးရှင်ကိုတိုး၏ အကောင်းမြင်စိတ်ဖြင့် အပြုသဘောဆောင်၊ ရုပ်သံ(၃)ဒေါ်အုန်းအုန်းငွေက ဆောင်းပါးရှင် ဥပဒေသမားတစ်ဦး၏ ဥပဒေတစ်ရပ်တည်ရှိမှုနှင့် အာနိသင်၊ ရုပ်သံ(၃) ဒေါ်သန်းသန်းငွေက ကြေးမုံသတင်းစာပါ ဆောင်းပါးရှင်မောင်ဒဲ့ဒိုး၏ တုတ်အဖြစ်အသုံးမခံကြရအောင် ဆောင်းပါးများကို ဖတ်ကြားဆွေးနွေးကြသည်။

သုံးသပ်ဆွေးနွေး

ယင်းနောက် ဝန်ထမ်းများ၏ဆွေးနွေးချက်များကို ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ခြုံငုံသုံးသပ်ဆွေးနွေးကြောင်း သိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မိုင်းငေါ့ အထက ပညာရည်ချွန် ဆုချီးမြှင့်

မိုင်းငေါ့ ဩဂုတ် ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မိုင်းငေါ့မြို့ အခြေခံပညာအထက်တန်းကျောင်း မြစိမ်းရောင်ခန်းမ၌ ဩဂုတ် ၁၅ရက် နံနက်၁၀နာရီက ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်နေ့အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်၊ မြို့နယ်စခန်းမှူး ရဲအုပ်သိန်းထိုက်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်တို့က အမှာစကားပြောကြားကာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်းအမှုဆောင်အသစ်များအား ရွေးချယ်တာဝန်ပေးအပ်ခဲ့သည်။ ***(မြို့နယ် ပြန်/ဆက်)***

တရုတ်ရာဇဝင်ဇာတ်ကားသစ် RED CLIFF ရုံဝင်လာ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဩဂုတ် ၂၇

ပြီးခဲ့သည့် သောကြာပတ်က ဒါရိုက်တာသိန်းဟန်(ဖီးနစ်)ရိုက်ကူးသည့် ချစ်လို့စတာ ဇာတ်ကား ရုံဝင်လာပြီး ယခုသောကြာပတ်တွင် ဒုတိယပတ်မြောက်အဖြစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

ဘယ်သူ့ကိုအချစ်ဆုံးလဲ ဇာတ်ကားမှ စိုးမြတ်သူဇာ။

ချစ်လို့စတာ ဟာသဇာတ်မြူးကားတွင် ကျော်ရဲအောင်၊ နေတိုး၊ အိန္ဒြာကျော်ဇင်နှင့်တင့်တင့်ထွန်းတို့ ပါဝင်ထားသည်။ ကုမ္ပဏီလူကြီးလူပျိုကြီးမောင်နှမနှင့် တက္ကစီဒရိုင်ဘာ၊ ရေကူးနည်းပြ ဆရာမတို့၏ မေတ္တာဘွဲ့ဇာတ်လမ်းကို ဟာသနောက်ခံ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

တရုတ်ရာဇဝင်ဇာတ်ကားသစ်

ဒါရိုက်တာဂျွန်ဝူး၏တရုတ်ရာဇဝင် အက်ရှင်ဇာတ်ကား **Red Cliff** ဇာတ်ကားမှာ ယခုသောကြာပတ်တွင် နေပြည်တော်ရုံ၌ ရုံဝင်လာသည်။ အေဒီ ၂၀၈ခုနှစ် တရုတ်ပြည် အရှေ့ပိုင်း ဟန်မင်းဆက်က နန်းတွင်းရေး ပုန်ကန်မှုများကို အခြေခံရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ရွှေ့ဆောင်ရုံတွင် **Transformers-2** အက်ရှင်ဇာတ်ကား ဆက်လက်ပြသနေဆဲဖြစ်သည်။

အိန္ဒိယဇာတ်ကားများ

တန်းမြင့်မြို့မရုံတွင် အက်ရှင်မင်းသား ဘော်ဘီဒိုးလ်၊ အိန္ဒိယမင်းသမီး ရန်နီးလ် မူကာဂျီနှင့်အမရစ်ပူရီတို့ခေါင်းဆောင် ပါဝင်ထားသော **Badal** ဇာတ်ကားရုံဝင်လာသည်။

ဘုရင့်ရုံတွင် အင်္ဂလိပ် စုန်းကား **Narnar** ဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားမှာ ကွန်ပျူတာ အထူးပြုလုပ်ချက်များဖြင့် လူတစ်ပိုင်းတိရစ္ဆာန်တစ်ပိုင်း ဇာတ်ရုပ်များ ဖန်တီးထားသော ဂမ္ဘီရဇာတ်ကားဖြစ်သည်။

ဘယ်သူ့ကိုအချစ်ဆုံးလဲ

ရွှေတောင်ရတနာရုပ်ရှင်ထုတ်လုပ်ရေးမှ တင်ဆက်ပြီး ဒါရိုက်တာကိုဇော်(အရဏ်ဦး) ရိုက်ကူးသည့် **ဘယ်သူ့ကိုအချစ်ဆုံးလဲ** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ နဝဒေးနှင့် မဟာမြိုင်၊ ဝဇီရာ(၂) လှိုင်သာယာရုံများတွင် ရုံဝင်လာသည်။

နေပြည်တော်ရုံတွင် ရုံဝင်လာသည့် Red Cliff **ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။**

ချစ်လို့စတာဇာတ်ကားမှ နေတိုးနှင့် အိန္ဒြာကျော်ဇင်။

ယင်းဇာတ်ကားတွင် ကျော်ရဲအောင်၊ ဟိန်းဝေယံ၊ မို့မို့မြင့်အောင်၊ မေသန်းနုနှင့် စိုးမြတ်သူဇာတို့ အဓိကပါဝင်ထားသည့် အိမ်ထောင်ရေး ပညာပေး မေတ္တာဘွဲ့ဇာတ်ကားဖြစ်သည်။ ။

(မြန်မာ့အလင်း)

ချစ်လို့စတာဇာတ်ကား ယခုသောကြာပတ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသနေ။

28-8 (07).pmd 1 8/28/2009, 2:12 AM

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

တတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို ယနေ့ ညနေ ၃နာရီခွဲတွင် နေပြည်တော် ပျဉ်းမနား(ပေါင်းလောင်း) အားကစားကွင်း၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းကို ခုနစ်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်ကစား

ဩဂုတ် ၂၈ရက် ညနေပိုင်းတွင် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ဦးတည်ချက်

(၁) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(၂) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး၊

(၃) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊

(၄) အမျိုးသား ယဉ်ကျေးမှု စရိုက် လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်း စောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီးနှင့်အဖွဲ့ စီမံ/စီးပွားဝန်ကြီး ဦးစိုးသာအား လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာချန်ကျန့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းမသို့ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

လက်မှတ်ရေးထိုး

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ အကူအညီဖြင့် မြန်မာနိုင်ငံ ကျေးလက်ဒေသတွင် စာသင်ကျောင်း တည်ဆောက်ရေးဆိုင်ရာ စာချွန်လွှာနှင့် ကျေးလက်ဒေသသုံး ဆန်စက်ငယ်များ ထုတ်လုပ်ရေးစက်ရုံ စီမံချက်အကောင်အထည်ဖော်ရေးဆိုင်ရာ စာချွန်လွှာတို့ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာချန်ကျန့်တို့ လက်မှတ်ရေးထိုးလဲလှယ်ကြသည်။(ယာပုံ)

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Ye Dabo နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထန်းတပင်မြို့မဈေး၌ အိုင်အိုဒင်းဆားစစ်ဆေး

ထန်းတပင် ဩဂုတ် ၂၇

ပဲခူးတိုင်း ထန်းတပင်မြို့နယ် စည်ပင်သာယာ မြို့မဈေး၌ ရောင်းချနေသော ဆားများတွင် အိုင်အိုဒင်း အရည်အသွေးပြည့်ဝစွာပါဝင်မှု ရှိ၊မရှိကို ဩဂုတ်၁၈ရက်က အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် ကျန်းမာရေးဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးကြကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

ကျန်းမာရေးဒုတိယဝန်ကြီး ဒေါက်တာမြဦးအား ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၇

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr.Chu Chong Phung သည် ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ရုံးခန်းမသို့ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ လက်ရှိ ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးလုပ်ငန်းများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် ကျန်းမာရေးလုပ်ငန်းများ၊ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးလုပ်ငန်းများကို ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ခုနှစ် ဩဂုတ်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၃၀-၈-၂၀၀၉)ရက်နေ့

၂၀၀၉ခုနှစ် စက်တင်ဘာလအတွက်

(၁၃-၉-၂၀၀၉)ရက်နေ့

နှင့်

(၂၇-၉-၂၀၀၉)ရက်နေ့

လက်ရှိချန်ပီယံဘာကာ အင်တာနှင့်တွေ့မည် မန်ယူအသင်း အုပ်စုတွင်း ပွဲချောင်ကစားရနိုင်

အားကစားဖောင်ပိတ်သတင်း - မြင့်မောင်စိုး စုစည်းသည်

လန်ဒန် ဩဂုတ် ၂၇

ချန်ပီယံလိဂ် ဝင်ခွင့်ရသော အသင်းများအား အုပ်စုခွဲ မဲနှိုက်ရွေးချယ်လိုက်ပြီဖြစ်သည်။ လက်ရှိ ချန်ပီယံ ဘာစီလိုနာက အုပ်စု(စ) တွင် ပါဝင်ပြီး အင်တာမီလန်နှင့် တွေ့မည်ဖြစ်သည်။

ယမန်နှစ် ချန်ပီယံလိဂ် ဒုတိယဆုရခဲ့သော မန်ယူက စီအက်စ်ကေအေမော်စကိုနှင့် တွေ့မည်ဖြစ်၍ အုပ်စုတွင်း ပွဲချောင်ကစားရဖွယ်ရှိသည်။ ပရီမီယာလိဂ်တွင် ခြေစွမ်းပြနေသော ချယ်လ်ဆီးက ပေါ်တိုနှင့် အကြိတ်အနယ် နွှဲရဖွယ်ရှိသည်။ ထို့အတူ လီဗာပူးအသင်းသည်လည်း လိုင်ယွန်နှင့် ပွဲကျပ် တွေ့နိုင်သည်။ အာဆင်နယ်အသင်းမှာ အုပ်စုတွင်း ပွဲချောင်ကစား ရနိုင်သည်။

အုပ်စုပွဲစဉ်များကို စက်တင်ဘာ ၁၅ရက်နှင့် ၁၆ရက်တို့တွင် စတင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်-

အုပ်စု(က)

ဘိုင်ယန်မြူးနစ်	(ဂျာမနီ)
ဂျူဗင်းတပ်စ်	(အီတလီ)
ဘော်ဒိုး	(ပြင်သစ်)
မကာဘီဟိုင်ဖာ	(အစ္စရေး)

အုပ်စု(ခ)

မန်ယူ	(အင်္ဂလန်)
စီအက်စ်ကေအေမော်စကို	(ရုရှား)
ဘက်ရှီးတပ်စ်	(တူရကီ)
ဝုဘတ်	(ဂျာမနီ)

အုပ်စု(ဂ)

အေစီမီလန်	(အီတလီ)
ရီးရဲမက်ဒရစ်	(စပိန်)
မာဆေး	(ပြင်သစ်)
အက်ဖ်စီဇူးရစ်	(ဆွစ်ဇာလန်)

အုပ်စု(ဃ)

ချယ်လ်ဆီး	(အင်္ဂလန်)
အက်ဖ်စီပေါ်တို	(ပေါ်တူဂီ)
အက်သလက်တီကိုမက်ဒရစ်	(စပိန်)
အေပိုးလ်	(ဆိုက်ပရပ်စ်)

အုပ်စု(င)

လီဗာပူး	(အင်္ဂလန်)
လိုင်ယွန်	(ပြင်သစ်)
ဖီအိုရင်တီးနား	(အီတလီ)
ဒီဘရီစင်	(ဟန်ဂေရီ)

အုပ်စု(စ)

ဘာစီလိုနာ	(စပိန်)
အင်တာမီလန်	(အီတလီ)
ဒိုင်နမိုကိဗ်	(ယူကရိန်း)
အက်ဖ်စီရူဘင်ကာဇန်	(ရုရှား)

အုပ်စု(ဆ)

ဆီဗီလာ	(စပိန်)
ရိန်းဂျားစ်	(စကော့တလန်)
စတုဂတ်	(ဂျာမနီ)
ယူနီရီယာ	(ရိုမေးနီးယား)

အုပ်စု(ဇ)

အာဆင်နယ်	(အင်္ဂလန်)
အယ်လ်ခမာ	(နယ်သာလန်)
အိုလံပီယာကို့စ်	(ဂရိ)
စတင်းဒတ်	(ဘယ်လ်ဂျီယံ)

(အင်တာနက်)

ချန်ပီယံလိဂ်တွင် ခြေစွမ်းပြကြမည့် ဘောလုံးကြယ်ပွင့်များ။

(အင်တာနက်ဓာတ်ပုံ)

✳ ကျော့ဖုံးမှ

ပထက်ကျွန်းအအေးခန်းစက်ရုံ

ဇူလိုင် ၁၁ရက် နံနက် ၁၀နာရီတွင် မြိတ်မြို့ ဆိပ်ငယ်တံတားမှ စက်ရေယာဉ်ဖြင့် မြိတ်မြို့တစ်ဖက်ကမ်း ပထက်ကျွန်းသို့ ကူးခဲ့ကြသည်။ ပထက်ကျွန်းပေါ်ရှိ ငါး၊ ပုစွန်တန် (၁၀၀၀) အအေးခန်းစက်ရုံသို့ ရောက်ရှိပြီး ငါးဖမ်းစက်လှေများပေါ်မှ လတ်တလောချထားသည့် ငါး၊ ပုစွန်များကို အကြီးအသေး ရွေးနေမှု၊ အမျိုးအစား ခွဲခြားနေမှုနှင့် ရေခဲရိုက်သန့်စင်နေမှုတို့ကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ပင်လယ်ငါး

မြန်မာ့ပင်လယ်ပြင်မှ ငါးအမျိုးအမည်စုံလင်စွာ ဖမ်းဆီးရမိသည်ဖြစ်ရာ ယခင်က မတွေ့ဖူးသော ငါးများကိုတွေ့ရသည်။ စက်ရုံတွင် ငါး၊ ပုစွန်သန့်စင်နေမှု အအေးခန်းအတွင်း ငါး၊ ပုစွန်၊ ကင်းမွန်နှင့် ကဏန်းပျော့များကို အဆင့်ဆင့် အေးခဲအောင်ပြုလုပ်၍ ပြည်ပသို့ တင်ပို့ရန် ထုပ်ပိုးနေမှုတို့ကို အနီးကပ်ကြည့်ရှုလေ့လာခွင့်ရရှိသည်။

နှစ်ထပ်ကျောင်းဆောင်ကို ကုမ္ပဏီကဆောက်လုပ်လှူဒါန်းပြီး ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပထက်ရေလှောင်တမံကန်ပေါင်ပေါ်မှ မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကာ ကဏန်းပျော့မွေးမြူရေးကန်၌ ကဏန်းပျော့မွေးမြူပုံအဆင့်ဆင့်ကို ကြည့်ရှုလေ့လာခဲ့သည်။

ကဏန်းပျော့

ကဏန်းပျော့ဆိုသည်မှာ ရိုးရိုးပင်လယ်ကဏန်း အမျိုးအစားသာဖြစ်ပြီး ကဏန်းအရေခွံလဲချိန်တွင် ပင်လယ်ရေငန်မှ ဆယ်ယူ၍ ရေချိုတွင် စိမ်ထားခြင်းအားဖြင့် ရရှိသည်။ အရေခွံလဲပြီးခါစမှ သုံးနာရီအတွင်း အခွံပြန်မမာမီ အအေးခန်းသို့ အရောက်ပို့ရသည်။ အအေးခန်းတွင် အရေခွံလဲထား၍ တစ်ကိုယ်လုံးပျော့နေသော ကဏန်းများကို ပလတ်စတစ်များဖြင့် ပတ်၍ အေးခဲအောင် ပြုလုပ်ပြီးမှ ကဏန်းပျော့အဖြစ် ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း ဗဟုသုတ တိုးပွားရသည်။

ကဏန်းပျော့မွေးမြူရေးကန်အတွင်း ကဏန်းပျော့များ မွေးမြူထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ကာကွယ်ထား

အအေးခန်းစက်ရုံအတွင်း ဝင်ရောက်လေ့လာရာတွင် အအေးခန်းဝတ်အင်္ကျီ အဖြူ၊ ဦးထုပ်၊ ပါးစပ်ကာနှင့်တောစီးဖိနပ်ရှည်တို့ကို ဝတ်ဆင်ကြရသည်။ အအေးခန်းထဲသို့ဝင်ရာတွင် ပိုးသတ်ဆေးရည် စိမ်ထားသည့် ရေထဲကို ဖြတ်လျှောက်ပြီးမှ ဝင်စေခြင်းဖြင့် ငါး၊ ပုစွန်များ၌ ရောဂါပိုးများ မကျရောက်စေရန် ကာကွယ်ထားသည်။ ပြည်ပပို့ကုန်များဖြစ်၍ Quality Control (QC) ကို အထူးသတိပြုလုပ်ဆောင်ရကြောင်းသိရသည်။

ဆက်လက်၍ ရေခဲမှုန့်သိုလှောင်ခန်း၊ မီးစက်ခန်း၊ ကွန်ပရက်ဆာခန်းတို့ကို လေ့လာပြီး ငါးခြောက်/ပုစွန်ခြောက်စက်ရုံအတွင်း ပုစွန်ခြောက်နှင့် ငါးခြောက်များ သန့်စင်နေမှု၊ ပုစွန်ခြောက်ပြုလုပ်မှု အဆင့်ဆင့်တို့ကို လေ့လာကြပါသည်။ ပုစွန်မှ ပုစွန်ခြောက်ဖြစ်လာအောင် အဆင့်ဆင့် ပြုလုပ်ရပုံကို အသေးစိတ် လေ့လာနိုင်ခဲ့သည်။

ထို့နောက်ကျွန်းစုမြို့နယ် ပထက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ ပထက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၏

အခွံပြန်မမာအောင်

ကဏန်းများကို ပလတ်စတစ်ခြင်းငယ်လေးများထဲတွင် တစ်ကောင်ချင်းစီထည့်၍ ပင်လယ်ရေထဲတွင်ထားကာ အရေခွံလဲချိန်ကို စောင့်ကြည့်ရသည်။ အရေခွံလဲသည်ကိုတွေ့ပါက ပင်လယ်ရေထဲမှ ဆယ်ယူကာ ရေချိုထဲ၌ စိမ်ထားခြင်းဖြင့် မူလကဲ့သို့ အခွံပြန်မမာအောင် သုံးနာရီခန့် ထိန်းထားနိုင်ကြောင်း သိရသည်။

ဆက်လက်၍ ကျွန်းပေါ်ရှိ သစ်အခြေခံကုန်ချောပစ္စည်း ထုတ်လုပ်သည့်စက်ရုံနှင့် မြေပေါ်လွန်းကျင်း၊ ရေလုံလွန်းကျင်းတို့ကိုလည်း လေ့လာခဲ့ပါသည်။

တိုးချဲ့တည်ဆောက်

ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်သည် တန် (၁၀၀၀) ငါး၊ ပုစွန် အအေးခန်းစက်ရုံကို တည်ဆောက်ခဲ့ပြီးနောက် သစ်ခွဲစက်လုပ်ငန်းနှင့် ရေလုံလွန်းကျင်းလုပ်ငန်းတို့ကို တိုးချဲ့တည်ဆောက် လုပ်ကိုင်ခဲ့သည်။ ထိုသို့ တိုးချဲ့လုပ်ကိုင်လာသည့် လုပ်ငန်းများကို စီမံခန့်ခွဲရာ၌ ပိုမိုအဆင်ပြေ ချောမွေ့စေရေးအတွက် အောင်မြတ်ဖြိုး အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်ကို ၁၉၉၉ခုနှစ် မေ ၂၇ရက်တွင် ညီနောင်ကုမ္ပဏီအဖြစ် ထပ်မံထူထောင်ခဲ့ပြီး မြေပေါ်လွန်းကျင်း၊ ငါးအမှုန့်ကြိတ်စက်ရုံနှင့် ကဏန်းပျော့မွေးမြူရေးလုပ်ငန်းတို့ကို ဆက်လက်တည်ဆောက်လုပ်ကိုင်ခဲ့သည်။

ပြည်ပပို့ကုန်

အဆိုပါစက်ရုံများမှ ထွက်ရှိသော ပြည်ပပို့ကုန် ပုစွန်၊ ငါး၊ ကဏန်း၊ ငါးမှုန့်နှင့် သစ်လုံးသစ်ခွဲသားများကို ထိုင်း၊ မလေးရှား၊ ဟောင်ကောင်၊ တရုတ်နှင့် ဩစတြေးလျနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ပုစွန်ခြောက်များသန့်စင်ပြုလုပ်

ပုစွန်ခြောက်စက်ရုံအတွင်း ပုစွန်ခြောက်များ သန့်စင်မှုပြုလုပ်နေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ငါး၊ ပုစွန်တန် (၁၀၀၀) အအေးခန်းစက်ရုံကို မြိတ်တစ်ဖက်ကမ်း ပထက်ကျွန်းပေါ်ရှိ ဧရိယာ ၇ဒသမ ၃၀ ဧကပေါ်၌ တည်ဆောက်ထားသည်။ ၁၉၉၈ခုနှစ် ဇန်နဝါရီတွင် စတင်တည်ဆောက်ပြီး ၂၀၀၀ပြည့်နှစ် ဇူလိုင်တွင် စတင်စမ်းသပ်လည်ပတ်ခဲ့ရာ ယခုအခါ ဝန်ထမ်းအင်အား အများအပြားဖြင့် လုပ်ကိုင်လျက်ရှိသည်။

ပြန်လည်ထွက်ခွာ

ပထက်ကျွန်းပေါ်မှ လုပ်ငန်းများကို ကြည့်ရှုလေ့လာခဲ့ကြပြီးနောက် စက်ရေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာပြီး မြိတ်မြို့ဘက်ကမ်း မြိတ်တောင်ကျေးရွာရှိ အင်းလေးမြိုင်စက်မှုဇုန်သို့ ရောက်ရှိကြသည်။

ကြည့်ရှုလေ့လာ

အင်းလေးမြိုင် စက်မှုဇုန်ရှိ အဆောင်ကောင်း စက်မှုလုပ်ငန်းများကုမ္ပဏီလီမိတက်၊ အေအက်(စ်)ကေအန်ဒမန်လီမိတက်နှင့် ဗဲင်တေ့ချ်ကုမ္ပဏီလီမိတက် (Vantage Co.,Ltd.) တို့၏ အအေးခန်းစက်ရုံများနှင့် ငါးမှုန့်လုပ်ငန်းတို့ကို ဝင်ရောက်ကြည့်ရှု လေ့လာခွင့်ရရှိသည်။

အဓိကကျ

မြိတ်မြို့ အင်းလေးမြိုင်စက်မှုဇုန်မှ အအေးခန်းစက်ရုံများ၊ ငါးအမှုန့်ကြိတ်စက်ရုံများနှင့် ပထက်ကျွန်းမှ အအေးခန်းစက်ရုံတို့သည် မြိတ်မြို့နှင့်အနီးတစ်ဝိုက်မှ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်သည့်အပြင် နိုင်ငံခြားငွေရှာဖွေပေးလျက်ရှိရာ တနင်္သာရီတိုင်း၏ အဓိကကျသော စီးပွားရေးလုပ်ငန်းများဖြစ်ကြောင်း လေ့လာစေ့ငု မှတ်တမ်းပြုလိုက်ရပါကြောင်း။ ။

(သတင်းစဉ်)

တန်(၁၀၀၀) အအေးခန်းစက်ရုံအတွင်း၌ ကဏန်းပျော့များကို အေးခဲအောင် မပြုလုပ်မီတွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ
ရန်ကုန် ဩဂုတ် ၂၇

နတ်မောက်မြို့နယ်အသင်းစုပေါင်းလှူဒါန်းမည်

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၃၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ အသင်း၏ နှစ်စဉ်ကျင်းပနေကျနေရာ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၁၂၀၆၆၊ ၇၂၅၁၂၇၊ ၅၇၂၃၄၉၊ ၆၆၇၅၁၁၊ ၅၄၉၄၂၃၊ ၅၁၇၁၂၂နှင့် ၅၄၃၃၉၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ထုတ်ကုန်ပစ္စည်းအထူးရောင်းချပွဲ

ရန်ကုန်မြို့ ဒေါပုံမြို့နယ်ရှိ ကက်ပီတယ်ဟိုင်ပါမားကတ်တွင် မြန်မာပြည်ထုတ်ကုန်ပစ္စည်း အထူးရောင်းချပွဲကို ဩဂုတ် ၃၁ရက်မှ စက်တင်ဘာ ၆ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါရောင်းချပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုက ဖုန်း-၅၅၁၁၃၈သို့ ဆက်သွယ်နိုင်သည်။

တရားရေးအရာရှိများ မြတ်ဆရာပူဇော်မည်

ဗေယျ(၇၄)သင်တန်းဆင်း တရားရေးအရာရှိများ၏ ငွေရတု အထိမ်းအမှတ် တွေ့ဆုံပွဲနှင့် ဆရာကန်တော့ပွဲကို ရန်ကုန်မြို့ ကြားတောရလမ်းရှိ တရားရုံးချုပ်မှော်ရုံ၌ စက်တင်ဘာ ၄ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ကျင်းပမည်ဖြစ်ရာ သင်တန်းဆင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ကမ္ဘာကြီးပူနွေးမှု လျှော့ချရေးဆွေးနွေးပွဲ

ကမ္ဘာကြီးပူနွေးမှု ကာကွယ်ရန် လျှော့ချရေးနှိုးဆော်သည့် ဆွေးနွေးပွဲကို ဩဂုတ် ၂၉ရက် (စနေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ IBCတွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၅၄၄၄၈၂သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ရန်ပုံငွေဂီတဖျော်ဖြေပွဲကျင်းပမည်

မသန်စွမ်းသူများ ကူညီထောက်ပံ့ရေး လုပ်ငန်းများအတွက် ရန်ပုံငွေဖျော်ဖြေပွဲတစ်ခုကို ကန်တော်ကြီး မျှော်စင်ကျွန်းတွင် မကြာမီကျင်းပနိုင်ရန် စီစဉ်နေကြောင်း မသန်စွမ်းသူများအတွက် ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ ကြားသိရသည်။

ရန်ကုန်ယူနိုက်တက်အသင်းမှ အမှတ်တရ အရောင်းဆိုင်ဖွင့်မည်

ရန်ကုန်ယူနိုက်တက်အက်ဖ်စီ၏ ပရိသတ်များအတွက် အမှတ်တရပစ္စည်းအရောင်းဆိုင်ကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ မြန်မာရှော့ပင်းမောစင်တာ၌ မကြာမီဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။

ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဩဂုတ် ၂၉ရက် မွန်းလွဲ ၂နာရီတွင် စီးပွားရေးပညာရှင် ဒေါက်တာဦးမြင့်က ကမ္ဘာ့ငွေကြေးဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။

ရွှေခါးပတ်ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲကျင်းပမည်

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် T & T Group တို့ ဦးစီးကျင်းပသော မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ ၂၀၀၉ကို ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ စက်တင်ဘာ ၅ရက်မှစ၍ ကျင်းပမည်ဖြစ်သည်။

အာဆီယံအနုပညာခေတ်ပြိုင်ပန်းချီပြပွဲ

အာဆီယံနိုင်ငံပေါင်းစုံမှ ပန်းချီပညာရှင်များအား ဖိတ်ခေါ်၍ ပြည်တွင်း၌ ပန်းချီပြသနိုင်မည့် အာဆီယံအနုပညာခေတ်ပြိုင် ပန်းချီပြပွဲကို ဒုတိယအကြိမ်ပြသနိုင်ရန် New Zero ပန်းချီအဖွဲ့က စီစဉ်ဆောင်ရွက်နေသည်။

မြင်းခြံမြို့နယ်မဂ္ဂဇင်း စာမူများဖိတ်ခေါ်

မြင်းခြံမြို့နယ် မဂ္ဂဇင်းအမှတ်(၂)ကို သုတ၊ ရသစုံလင်စွာဖြင့် မဂ္ဂဇင်းအဖြစ် ထုတ်ဝေမည်ဖြစ်ရာ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းနှင့်ရသစာမူများကို မြင်းခြံမြို့နယ်သူ မြို့နယ်သားများ ဗဟုသုတရဖွယ် ရည်ရွယ်၍ လူငယ်ရေးရာ၊ ကျန်းမာရေး၊ ပညာရေးနှင့် ခေတ်မီဖွံ့ဖြိုးရေး၊ စက်မှုလက်မှုနှင့်ကြီးပွားရေးစသည်ဖြင့် ကဏ္ဍစုံ ရေးသားပေးပို့ကြရန် ဖိတ်ခေါ်ထားသည်။ စာမူများကို လာမည့်နိုဝင်ဘာ ၃၀ရက် နောက်ဆုံးထား၍ အမှတ် ၁၅၀ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့နိုင်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၆၁၁၁၀၂၊ ၅၇၀၄၉၂၊ ၆၉၉၇၉၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

အာဟာရအတွက် နွားနို့တစ်ခွက်

ဒေါ်တင်တင်အေး

လူတို့စားသောက်အပ်သော အာဟာရများတွင် နွားနို့သည် တစ်ခုအပါအဝင်ဖြစ်သည်။ ယနေ့လူအများသည် နွားနို့ကိုစွဲလမ်းစွာ သောက်သုံးနေကြသည့်တိုင် နို့သည် ကလေးငယ်များ ကြီးထွားသန်စွမ်းရန်အတွက် အဓိကလိုအပ်ချက်တစ်ရပ်အဖြစ်သာ လက်ခံထားကြပြီး လူကြီးများအတွက် သင့်ရဲ့သာအရေးပါသကဲ့သို့ ယူဆနေကြပါသည်။ အမှန်တကယ်ဆိုလျှင် နို့သည် လူတိုင်းနှင့်သင့်လျော်ပါသည်။ အထူးသဖြင့် ကလေးလူငယ်၊ သက်ကြီးရွယ်အို၊ နာလန်ထစ လူနာများ၊ အင်အားချို့တဲ့သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များနှင့် အထူးသင့်လျော်သော အာဟာရတစ်မျိုးဖြစ်သည်။

နွားနို့တွင်ပါဝင်သော အာဟာရဓာတ်များစွာက လူကိုအကျိုးပြုသကဲ့သို့ တိရစ္ဆာန်ထွက် ဆေးဖက်ဝင်ပစ္စည်းတစ်မျိုးအဖြစ် ဆေးဘက်ဆိုင်ရာတွင်လည်း အသုံးပြုပါသည်။ နို့ထွက်ပစ္စည်းအမျိုးမျိုးတို့၏ မူလဇာတိ နွားနို့ကို ကြာရှည်ခံစေရန်၊ အနံ့အရသာကောင်းစေရန်၊ လိုချင်စွဲမက်စေရန်ရည်ရွယ်၍ နည်းမျိုးစုံဖြင့် စီမံထုတ်လုပ်ကြသဖြင့် အာဟာရဖြစ်မှုနှုန်း နည်းသွားတတ်ကြပါသည်။ နို့ပူ၊ နို့အေး၊ ဒိန်ချဉ်၊ မလိုင်၊ ထောပတ်၊ နို့ခဲ စသည်ဖြင့်တွေ့ရှိရသည်။

နွားနို့အစိမ်းကိုဆားခတ်၍လည်းကောင်း၊ နို့ပူပူတွင် သကြား၊ဆား ကြိုက်နှစ်သက်ရာထည့်၍လည်းကောင်း၊ အခြားသောလက်ဖက်ရည်၊ ကော်ဖီ၊ မိုင်လို၊ အိုဗာတင်းတို့နှင့်ရောစပ်၍လည်းကောင်း၊ အသီးအနှံတို့နှင့်ရောစပ်၍ ဖျော်ရည်အဖြစ်လည်းကောင်း၊ ချိုအေးသော ရေခဲမုန့်ကဲ့သို့ မုန့်မျိုးစုံတို့တွင်လည်းကောင်း ထည့်သွင်းစီမံစားသောက်ကြသည်ကို လူတိုင်း အသိပင်ဖြစ်သည်။ ထိုသို့သော အစားသောက်မျိုးစုံတို့မှာ အရောင်အဆင်း လှပစေရန်၊ အနံ့အရသာကောင်းစေရန်ရည်ရွယ်၍ ဓာတုဗေဒနှင့်မကင်းသော ဖြည့်စွက်ပစ္စည်းများနှင့် ရောနှောရသောကြောင့် လူအများအတွက် အာဟာရမဖြစ်သည့်အပြင် အန္တရာယ်ရှိသော အစားအစာဖြစ်သွားတတ်ပါသည်။ နွားနို့စစ်စစ် ဇကန်ဖြစ်ပြီး နို့ဆန်ပြုတ်၊ နို့ထမင်းကဲ့သို့ ရိုးရှင်းသောအစားအစာမှသာ အာဟာရဓာတ် ပေါပြည့်ကြွယ်၍ အရွယ်မရွေး အကျိုးပြုပါလိမ့်မည်။

တိုင်းရင်းဆေးပညာအလိုအရ သုသုတကျမ်း၌ လောကတွင် နို့နှင့်ယှဉ်ပြိုင်နိုင်သော အခြားအာဟာရမရှိဟု ဆိုထားပါသည်။ ဥတုဘောဇနသင်္ဂဟကျမ်းတွင်လည်း နို့မျိုးဟူသမျှသည် အဆီဩဇာရှိ၏။ ချိုဆိမ့်၏။ လေနှင့်သည်းခြေကိုနိုင်၏။ ပျို့နှံ့လွယ်၏။ သလိပ်ကိုပွားစေတတ်၏။ များသောအားဖြင့် အေး၏။ လူခပ်သိမ်းနှင့်သင့်၏။ အသား၊ပညာတို့ကို ပွားစေတတ်၏။ အရွယ်ကိုတည်စေနိုင်၏။ အရိုးကျိုးကိုဆက်စေတတ်၏။ အိုခြင်း၊ နာခြင်းကို ပယ်ဖျောက်၍ အသက်ကိုရှည်စေနိုင်၏။ သလိပ်မရှိသော အဖျားဟောင်း၌လည်းကောင်း၊ မူးဝေခြင်း၊ စိတ်ပျံ့လွယ်ခြင်းတို့၌လည်းကောင်း၊ ဝမ်းကိုက်နာ၊ ဘေးထိုးရင်ကျပ်နာ၊ အားကုန်ခန်းခြင်း၊ ဆီးဝမ်းလေ လမ်းမှား၍ အောက်သို့မသက်၊ အထက်သို့ ဆန်တက်သောအနာ၊ ဆီးအိမ်၌ဖြစ်တတ်သော အနာ၊ မြင်းသရိုက်နာ၊ ရတ္တပိတ်နာ၊ ဝမ်းသွန်၊ ဝမ်းပျက်နာ၊ မောပန်းနွမ်းနယ်ခြင်းတို့နှင့်သင့်၏။ ကိုယ်ဝန်လျှောသောအနာနှင့် အမြဲသင့်၏။ လူငယ်၊ လူအို၊ ထိခိုက်ရှနာသောသူ၊ အားခွန်ကုန်ခန်းသူ၊ ပိန်သောသူတို့နှင့် အမြဲသင့်၏။ မုန့်ထက်ရှစ်ဆ ကြေခဲ၏ဟု ဖွင့်ဆိုထားသည်။

အစားအာဟာရတိုင်းတွင် ရှိသင့်၊ ပါဝင်သင့်သည့်ဓာတ်များ ပါရှိကြမဲ့ဖြစ်သော်လည်း နို့တွင် အားလုံးနီးပါးပါဝင်သောကြောင့် ရသဓာတ်ပြည့်ဝပြီး အသက်ကို အလွန်အကျိုးပြုသော အာဟာရဓာတ်ဖြစ်ပါသည်။ နွားနို့တွင် ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်း၊ ဖော့စဖရပ်၊ ပိုတက်ဆီယမ်၊ ဗီတာမင်အေနှင့် မဂ္ဂနီဆီယမ်၊ ဇင့် စသည်သတ္တုဓာတ်များပါဝင်ကြပါသည်။ နို့သည်စားသောက်လိုက်သောအစာများကို လျင်မြန်စွာ စုပ်ယူနိုင်ရန်အားပေးပြီး ကယ်လိုရီကိုလည်း လျော့ကျစေပါသည်။

သုတေသနတွေ့ရှိချက်အရ နွားနို့သောက်ခြင်းသည် သွေးပေါင်ချိန်တက်ခြင်းကိုကာကွယ်ပြီး အူမကြီးကင်ဆာဖြစ်ပွားမှုနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါကိုလည်း ကာကွယ်နိုင်စွမ်းရှိသည်ဟုဆိုသည်။ နွားနို့သည် တစ်နှစ်အောက်ကလေး ၅ဝတွင် တစ်ယောက်နှုန်းခန့် နို့နှင့်ဓာတ်မတည့်မှုများ ဖြစ်ပေါ်နိုင်ပြီး အချို့မှာ ပြင်းထန်သော အစာအဆိပ်သင့်မှုကို ဖြစ်စေတတ်သည်။ အမှန်တကယ် နို့နှင့် ဓာတ်မတည့်မှုရှိပါက တုံ့ပြန်မှုမှာ လျင်မြန်တတ်ပါသည်။ နို့ပါဝင်မှုနှုန်း အလွန်နည်းသော အစာကိုစားမိရုံမျှနှင့် ဓာတ်မတည့်မှုကို တွေ့ရှိရပါသည်။ တွေ့ရှိရတတ်သော လက္ခဏာများမှာ နှာသီးဖျား နီရဲခြင်း၊ အနီရောင်အကွက်များ နေရာအနှံ့ထွက်ပေါ်တတ်ခြင်း၊ နာကျင်မှုရှိခြင်းတို့ ဖြစ်သည်။ အချို့ကလေးငယ်များမှာ နို့နှင့်ဓာတ်မတည့်မှုမဟုတ်ဘဲ အစာနှင့်မရင်းနှီးသေးသော အချိန်မျိုးတွင် တွေ့ရှိရတတ်ပါသည်။

နို့နှင့်နို့ထွက်ပစ္စည်းများတွင် ကယ်လ်ဆီယမ်ဓာတ်ပါဝင်မှုနှုန်းမှာ

နွားနို့စစ်စစ်	တစ်ခွက်	မီလီဂရမ် ၃၀၀
မလိုင်	သုံးကျပ်သား	မီလီဂရမ် ၃၀၀
ဒိန်ချဉ်	တစ်ခွက်	မီလီဂရမ် ၃၀၀

တို့ပါဝင်ကြသည်။

လူတစ်ယောက်တွင် အသက်အရွယ်အလိုက် ကယ်လ်ဆီယမ် လိုအပ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်-

နို့စို့ကလေးအသက်မွေးစမှ ၆လအထိ	မီလီဂရမ် ၃၀၀
အစာနှင့်နို့ပူးတွဲစားနိုင်သော အသက် ၆လ	မီလီဂရမ် ၅၀၀
အစာနှင့်နို့ပူးတွဲစားနိုင်သော အသက် ၇လမှ ၁၂လအထိ	မီလီဂရမ် ၅၅၀
အသက် ၁နှစ်မှ ၃နှစ်အထိ	မီလီဂရမ် ၇၀၀
အသက် ၄နှစ်မှ ၇နှစ်အထိ	မီလီဂရမ် ၈၀၀
အသက် ၈နှစ်မှ ၁၁နှစ်အထိ	မီလီဂရမ် ၁၀၀၀
အရွယ်ရောက်ပြီး ကျား/မ(၁၂နှစ်မှ၁၈နှစ်အထိ)	မီလီဂရမ် ၁၃၀၀
အရွယ်ရောက်ပြီး လူကြီး(၁၉နှစ်မှ၅၀နှစ်အထိ)	မီလီဂရမ် ၁၀၀၀
အရွယ်ရောက်ပြီး လူကြီး(အသက်၅၀အထက်)	မီလီဂရမ် ၁၃၀၀
နို့တိုက်မိခင်	မီလီဂရမ် ၁၃၀၀
ကိုယ်ဝန်ဆောင်မိခင်	မီလီဂရမ် ၁၀၀၀

သွေးဆုံးပြီးအမျိုးသမီးများတွင် မီလီဂရမ် ၁၃၀၀ခန့် လိုအပ်ကြပါသည်။ သို့ဖြစ်ပါ၍ နွားနို့သောက်သုံးခြင်းဖြင့် မိမိတွင်လိုအပ်သော ကယ်လ်ဆီယမ်ဓာတ်ကို လွယ်ကူလျင်မြန်စွာ ဖြည့်တင်းနိုင်ကြမည်ဖြစ်သည်။

သိပ္ပံပညာရှင်များ၏ နွားနို့နှင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများဆက်စပ်မှု ရှိ မရှိ သုတေသနပြုချက်များအရ နွားနို့သည် ဓာတ်မတည့်မှု၊ အဆစ်ရောင်မှု၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါ၊ ကိုယ်ခံအားဆိုင်ရာရောဂါများနှင့် အဝလွန်မှုတို့ပေါ်တွင် အကျိုးသက်ရောက်မှုရှိကြောင်းနှင့် ကင်ဆာရောဂါအတွက် ကောင်းမွန်စေနိုင်ကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် နွားနို့သည် ရင်ကျပ်ရောဂါအတွက် အကျိုးသက်ရောက်မှုနည်းသော်လည်း အသက်ရှူလမ်းကြောင်းတွင်ရှိသည့် ချွဲသလိပ်များ မတိုးပွားစေကြောင်း သိရှိရသည်။

နွားနို့ကို မြန်မာ့တိုင်းရင်းဆေးပညာအလိုအရ အချိန်ကိုအစွဲပြု၍ အမျိုးအစားခွဲ ဖော်ပြရလျှင်-

၁။ နို့နွေး (နို့ညှစ်ပြီးပြီးချင်းရသော ပူပူနွေးနွေးနို့)
၂။ နို့ဟောင်း (နို့ညှစ်ပြီး လေးနာရီကျော်သွားသောနို့)
၃။ ကျိုချက်ထားသောနို့
၄။ မကျိုချက်ရသေးသောနို့
၅။ နို့ဦး (သားဖွားပြီး ပထမဆုံးညှစ်ယူသောနို့)
၆။ နို့နှောင်း (သားဖွားပြီး သုံးရက်လွန်မြောက်သောနို့)
၇။ ဆီဦးမထုတ်ရသေးသောနို့ဟူ၍ ခွဲခြားထားပါသည်။

ရှင်နာဂသိန်ပုံပြဆေးအဘိဓာန်တွင်တွေ့ရှိရသော နွားနို့ကို ဆေးအဖြစ်ဖော်စပ်အသုံးပြုနည်းအချို့ကို တင်ပြရလျှင် ခွန်အားယုတ်လျော့ခြင်းအတွက် နွားနို့ပူပူတွင် ထောပတ်၊ သကြားတို့နှင့်ဖျော်၍လည်းကောင်း၊ နို့အေးတွင် ထောပတ်၊ ပျားရည်ရော၍လည်းကောင်း သောက်သုံးနိုင်သည်။ နှလုံးအားနည်းခြင်းအတွက် နွားနို့တွင် ချီးသီးအဆီထည့်၍ သောက်သုံးနိုင်သည်။ သလိပ်ရောဂါအတွက် နွားနို့ပူပူတွင် ငရုတ်ကောင်းမှုန့်နှင့် သကြားရော၍ သောက်ပါ။ သွေးအားနည်းရောဂါအတွက် နွားနို့ကို သံဒယ်အိုးဖြင့်ချက်၍ ခုနစ်ရက်ဆက်သောက်ပါ။ မောပန်းနွမ်းနယ်ခြင်းအတွက် နွားနို့ပူပူကို ညအိပ်ရာဝင်သောက်ပါ။ နွားနို့တွင် အောင်မဲဖြူရွက်ထည့်ကျိုပြီး နံနက်စောစောသောက်လျှင် အားဖြစ်စေနိုင်ပါသည်။ ချောင်းဆိုးရောဂါအတွက် နွားနို့တွင် ခအောင်းရွက်နှစ်ရွက်ထည့်၍ကျိုပါ။ ပြီးလျှင်အိုးကိုအောက်ချ၍ အရည်ကိုစစ်ယူပြီး ပိတ်ချင်းမြစ်မှုန့် အနည်းငယ်ထည့်၍သောက်ပါက ချောင်းဆိုးရင်ကျပ်ရောဂါကို သက်သာစေနိုင်သည်ဟု ပြဆိုထားသည်။

မြန်မာနိုင်ငံတွင် လွယ်ကူပေါများစွာရရှိနိုင်ပြီး **အာဟာရဓာတ်ပေါကြွယ်လှသည့်နွားနို့ကို လူတိုင်းတစ်နေ့လျှင်တစ်ခွက် ပုံမှန်သောက်သုံးကြမည်ဆိုလျှင် တန်ဖိုးကြီးသောအားဆေးများ ဝယ်ယူသောက်သုံးနေရခြင်းမှ ကင်းဝေးနိုင်ပါသည်။ မိသားစုအတွင်းတွင်လည်း လက်တွေ့ကျသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နို့တစ်ခွက်ဖြင့် ကျန်းမာပျော်ရွှင်သောမိသားစုဘဝကို တည်ဆောက်နိုင်ကြစေရန် ရေးသားတင်ပြလိုက်ရပါသည်။** ။

အာဟာရဓာတ် ပေါကြွယ်လှသည့် နွားနို့ကို လူတိုင်းတစ်နေ့လျှင် တစ်ခွက် ပုံမှန်သောက်သုံးကြမည်ဆိုလျှင် တန်ဖိုးကြီးသော အားဆေးများ ဝယ်ယူသောက်သုံးနေရခြင်းမှ ကင်းဝေးနိုင်။

အထက(၂) ဗဟန်း

ကြက်ခြေနီအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် ရှေးဦးပြုစုခြင်းသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြက်ခြေနီအသင်းကကြီးမှူးကျင်းပသည့် ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း တစ်ကျောင်းလုံးကျောင်း ကြက်ခြေနီအသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲနှင့် တစ်ကျောင်းလုံး ကျောင်းကြက်ခြေနီ ရှေးဦးပြုစုခြင်းသင်တန်း (၁/၂၀၀၉) သင်တန်းဆင်းပွဲကို ဩဂုတ် ၂၅ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အမှုဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်လှ**(အောက်ပုံ)**နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစောထွန်းတို့က အမှာစကားပြောကြားကြပြီး တာဝန်ရှိသူများက ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဦးရည်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



စာဖတ်သူကော်ပီ စာဌားစနစ်ကျင့်သုံးရေး မင်္ဂလာတောင်ညွန့်ပြန်/ဆက် ကွင်းဆင်းဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၇

မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် စာငှားစနစ်ကျင့်သုံးရေး၊ စံ(၅)ချက်နှင့် ညီညွတ်ရေးတို့ကို ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ဩဂုတ်၁၉ရက်က သပြေကုန်းရပ်ကွက် သပြေစာကြည့်တိုက်တွင် စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် သပြေကုန်းရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက စာကြည့်တိုက်ကို သန့်ရှင်းသပ်ရပ်အောင် စီမံထားရှိမှု၊ စာအုပ်စာစောင်များ လှူဒါန်းရရှိမှု၊ မှတ်ပုံတင်ထိန်းသိမ်းထားရှိမှု၊ နေ့စဉ်စာငှား စာဖတ်ဦးရေအခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး**(အပေါ်ပုံ)** မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေး၊ စာငှားစနစ်ကျင့်သုံး၍ ရန်ပုံငွေထူထောင်ရေး၊ သတ်မှတ်စံ(၅)ချက်နှင့်ညီညွတ်သည့် ခိုင်မာစာကြည့်တိုက်များအဖြစ် ထူထောင်ရေး၊ စာအုပ်စာစောင်များတိုးပွားရေး၊ စာအုပ်စာစောင်များ စနစ်တကျထိန်းသိမ်းထားရှိရေး၊ စာဖတ်သူ၊ စာငှားသူတိုးပွားရေးအတွက် စာဖတ်ဝိုင်းဆွေးနွေးပွဲများပြုလုပ်၍ စာဖတ်ရှိန် မြှင့်တင်ရေးတို့ကို ဟောပြောဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျိုင်းတုံ-လွယ်မွေကားလမ်း ပြုပြင်ဆောင်ရွက်နေမှု တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး စစ်ဆေး

နေပြည်တော် ဩဂုတ် ၂၇

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးသည် ဩဂုတ် ၁၈ ရက်က ကျိုင်းတုံ-လွယ်မွေကားလမ်း ပြုပြင်ဆောင်ရွက်နေမှုများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် ဩဂုတ် ၁၉ ရက်က လွယ်မွေရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်၍ စာရေးကိရိယာ၊ ကျောင်းဝတ်စုံနှင့် အနွေးထည်များပေးအပ်လှူဒါန်းကာ သင်တန်းသား အိပ်ဆောင်နှင့် ထမင်းစားဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် လွယ်မွေဒေသ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၊ တောင်သူ ဦးရှောက်တီ၏ ဒေသမျိုးနှင့် အုလုံလက်ဖက်စိုက်ခင်း၊ လက်ဖက်ပျိုးခြံ၊ လွယ်မွေတပ်နယ် လက်ဖက်ပျိုးခြံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် တိုင်းမှူးသည် လွယ်မွေဒေသ အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

တိုင်းမှူးသည် ဩဂုတ် ၂၀ရက်တွင် လွယ်မွေတပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်လတ်ဆေးရုံသို့ ဆေးပစ္စည်းများလှူဒါန်းပွဲ

ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်

နေပြည်တော် ဩဂုတ် ၂၇

ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးနှင့် ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၂၂ ရက်က ကျိုက်လတ်မြို့ ပြည်သူ့ဆေးရုံ ခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်တက်ရောက်၍ အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်Grand Lotus ကုမ္ပဏီမှ ဦးကျော်စွာမင်းက ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်မေခင်သန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆေးရုံတက်လူနာများအား ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများပေးအပ်သည်။

တွေ့ဆုံခဲ့

ထို့နောက် ဝန်ကြီးသည် ကျိုက်လတ်မြို့ ရွှေရတုခန်းမ၌ ကျိုက်လတ်မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သန်လျင်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီမှ ကြီးမှူးကျင်းပသော မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဩဂုတ် ၁၆ရက်က သီဟဒီပအားကစားခန်းမ၌ ကျင်းပရာ ပထမရရှိသော မြို့မတောင်ရပ်ကွက် (က)အသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးဘိုထွန်းက တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

ဇော်လမြိုင်မြို့နယ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

မွန်ပြည်နယ် ဇော်လမြိုင်မြို့နယ် ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၆ရက် နံနက် ၉ နာရီက ဇော်လမြိုင်မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံး၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းမြင့်က (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး (အပေါ်ပုံ) အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဇော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်ရွှေ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်သဘင်ပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ ဦးတိုင်းကျော်နှင့် သဘင်ပညာရှင်များ၊ မြို့နယ်ဂီတအစည်းအရုံး အတွင်းရေးမှူး ဦးကျော်လွင်နှင့် အဖွဲ့ဝင်များ၊ အကဲဖြတ်အမှတ်ပေးဒိုင်များ၊ ရပ်ကွက်/ကျေးရွာများမှ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ရွေးချယ်

ထို့နောက် ပြိုင်ပွဲဝင်များက အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ယှဉ်ပြိုင်ကြပြီး ဆုပေးပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁) ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌတို့က ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်အဆင့် ပြိုင်ပွဲဝင်များအား ရွေးချယ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခင်ဦးမြို့နယ် ရွာစဉ်ကျေးရွာ အထက်တန်းကျောင်း(ခွဲ)တိုးမြှင့်ဖွင့်

ခင်ဦး ဩဂုတ် ၂၇

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ရွာစဉ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇူလိုင်၂၉ရက် နံနက် ၁၀နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခင်ဦးမြို့နယ် စခန်းမှူးရဲခေါင်မြင့်နှင့် မြို့နယ်ပညာရေးမှူး ကိုယ်စား ကျောင်းအုပ်ဆရာကြီး ဦးဘကျမ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဖွင့်အမှာစကား

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးကိုယ်စား ကျောင်းအုပ်ဆရာကြီး ဦးဘကျမ်က အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးဦးငွေသောင်းက ပညာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စုပေါင်းသန့်ရှင်းရေး ဟုမ္မလင်း၌ ဆောင်ရွက်

ဟုမ္မလင်း ဩဂုတ် ၂၇

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်မှု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၅၄၇ဦးတို့က ဩဂုတ် ၂၂ရက် နံနက် ၇နာရီက စုပေါင်းဆောင်ရွက်ကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်ထွန်းနှင့် အရာရှိများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း(အနောက်ပိုင်း)ဗီဒီယိုကြီးကြပ်ရေးကော်မတီ ဗီဒီယိုလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးမည်

ပြည် ဩဂုတ် ၂၇

ပြန်ကြားရေးဝန်ကြီးဌာနမြန်မာ့ရုပ်ရှင်လုပ်ငန်းဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီလက်အောက်ရှိ ပဲခူးတိုင်း (အနောက်ပိုင်း)ဗီဒီယို ကြီးကြပ်ရေးကော်မတီအနေဖြင့် တိုင်းအတွင်းရှိ ဗီဒီယိုလုပ်ငန်းများဖြစ်သည့်ဗီဒီယို ရိုက်ကူးခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း၊ ပြသခြင်းနှင့် ကာရာအိုကေခန်းမလုပ်ငန်းများ လိုင်စင်မဲ့/လိုင်စင်သက်တမ်းလွန်များ မရှိစေရေးအတွက် ၂၀၀၉ခုနှစ် စက်တင်ဘာမှစ၍ ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်သည်။ သတ်မှတ်စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိပါက ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

(တိုင်းပြန်/ဆက်)

ရသေ့တောင်မြို့နယ်တွင် ပညာရိပ်မွန်စာကြည့်တိုက်ဖွင့် စာအုပ်၊ စာစောင်များနှင့် ရုပ်မြင်သံကြားစက် ပေးအပ်လှူဒါန်း

စစ်တွေ ဩဂုတ် ၂၇

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ဘာထလေကျေးရွာ ပညာရိပ်မွန်စံပြစာကြည့်တိုက် အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃ရက် ညနေ၃နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်၊ စစ်တွေခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကျော်ဦး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆွေးနွေးမှာကြား

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လက်ဆင့်ကမ်း ထိန်းသိမ်းသွားရေးမှာကြားပြီး စစ်တွေခရိုင်ဦးစီးအရာရှိ ဦးမောင်ကျော်ဦးက စာကြည့်တိုက်ဖွင့်ရခြင်းရည်ရွယ်ချက်၊ ကျေးရွာနေပြည်သူများ စာဖတ်ကြရေး၊ စာအုပ်စာစောင်များတိုးပွားရေး၊ မြေနေရာအဆောက်အအုံမှတ်တမ်းများထားရှိရေးတို့ ဆွေးနွေးမှာကြားသည်။

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးတင်ဦးတို့က စာအုပ်စာစောင်များ အသီးသီးလှူဒါန်းမှုကို ကျေးရွာစာကြည့်တိုက်ကော်မတီ ဦးမောင်ညွန့်က လက်ခံယူသည်။

ဆက်လက်ပြီး ဘာထလေကျေးရွာ ပညာရိပ်မွန်စာကြည့်တိုက်အတွက် ကျေးရွာအားကစားနှင့် ကာယပညာအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဌေးက ၂၉လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံး ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်အဖွဲ့ဝင် ဦးမောင်ညွန့်ဝေက လက်ခံယူကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

လမ်းမတော်ပြန်/ဆက် ဟောပြော

လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်များရှင်သန်ရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေး၊ စာဖတ်ပရိသတ် စာဖတ်အလေ့အကျင့်ရရှိရေး ဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၁၄ရက်က အမှတ်(၂) ရပ်ကွက် စာကြည့်တိုက်၌ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းအောင် ဆွေးနွေးပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ညောင်ဦး၌ ဆောင်ရွက် အဝီစိတွင်းနှင့် ပျိုးဥယျာဉ်များဆောက်လုပ်ရန် ပန္နက်တိုင်စိုက်ထူ

ညောင်ဦး ဩဂုတ် ၂၇

ညောင်ဦးခရိုင်တွင် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်း၍ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးစီမံကိန်းများ ဆောင်ရွက်လျက်ရှိရာ ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ စီမံကိန်းအတွက် အသုံးပြုရန် မော်တော်ယာဉ်တစ်စီးအား လွှဲပြောင်းပေးအပ်ခြင်းနှင့် စီမံကိန်းရုံး ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၆ရက် နံနက်က အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လွှဲပြောင်း

ရှေးဦးစွာ ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Miss.KIN. Jin.Hwaက စီမံကိန်းအတွက် အသုံးပြုရန် မော်တော်ယာဉ်တစ်စီးကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဝင်းထံသို့ လွှဲပြောင်းပေးအပ်သည်။

စိုက်ထူ

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် တက်ရောက်လာကြသော တာဝန်ရှိသူများက စီမံကိန်းရုံးဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** သတ်မှတ်နေရာများတွင် ပန္နက်တိုင်စိုက်ထူခဲ့ကြသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ညောင်ဦးမြို့နယ် နတ်ပလင်ကျေးရွာ ဘုးကင်းတောင်အနီးရှိ လုပ်ငန်းခွင်ရုံး အဝီစိတွင်းနှင့် ပျိုးဥယျာဉ် ဆောက်လုပ်ရန် ပန္နက်တိုင်များ စိုက်ထူခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်း လမ်းညွှန် ဆိုင်းဘုတ်များ ဆောင်ရွက်နေမှုကို ဇူလိုင် ၁၈ရက်က မြို့သာယာလှပရေး စီမံချက်အရ ပဲခူးတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်လင်းဦးတို့ ရှင်းလင်း တင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

တိုင်းရင်းဆေးကုဌာန ဝမ်းတွင်း၌ဖွင့်လှစ်

ဝမ်းတွင်း ဩဂုတ် ၂၇

ဝမ်းတွင်းမြို့နယ် တိုင်းရင်းဆေးကုဌာနဖွင့်ပွဲကို ဇူလိုင် ၁၃ရက် နံနက် ၉ နာရီက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာရုံးဝင်းအတွင်း၌ ကျင်းပသည့် အခမ်းအနားတွင် မိတ္ထီလာခရိုင် တိုင်းရင်းဆေးကုဌာနမှ ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်စန်းဆင့်ဆင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်သူရတို့က ယာယီတိုင်းရင်းဆေးကုဌာန ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မင်းကင်းမြို့နယ် ပုဿာကျေးရွာ၌ အလယ်တန်းကျောင်း(ခွဲ)ဖွင့်

မင်းကင်း ဩဂုတ် ၂၇

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ပုဿာကျေးရွာတွင် ဩဂုတ် ၁၂ရက် နံနက် ၉နာရီက အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဟန်ငွေ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်သိန်းနှင့် ကျောင်းအကျိုးတော်ဆောင် ဦးကျော်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ***(အောက်ပုံ)***

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးဟန်ငွေက အဖွင့်အမှာစကားပြောကြားပြီး ပင်မကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်တို့က အသီးသီးအမှာစကားပြောကြားကြသည်။ ကျောင်းငွေပဒေသာပင်စိုက်ထူရန် အလှူရှင်များက အလှူငွေ ကျပ်၂၄၀၀၀၀ ပေးအပ်လှူဒါန်းသည်။ ***(၀၃၃)***

စံ(၅)ချက်ညီ စာကြည့်တိုက်ဖြစ်ရေး လှိုင်ကော်၌ ဆွေးနွေး

လှိုင်ကော် ဩဂုတ် ၂၇

ကယားပြည်နယ် လှိုင်ကော်မြို့နယ် နွားလပိုးကျေးရွာအုပ်စု၊ ယယန်းသာယာ(မ)ရွာနှင့် လှိုင်လင်လေးကျေးရွာ စာကြည့်တိုက်များ၌ ဇူလိုင် ၃၀ရက် နံနက် ၁၀ နာရီက ကျေးရွာစာကြည့်တိုက် စံ(၅)ချက်နှင့်အညီဆောင်ရွက်ရေး ဆွေးနွေးပွဲ အခမ်းအနားကို ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကယားပြည်နယ် လှိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးက စာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် စံ(၅)ချက်နှင့် ကိုက်ညီနိုင်ရေးတို့ကို ဆွေးနွေးဟောပြောသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ စာကြည့်တိုက်သို့ စာအုပ် စာစောင် ဂျာနယ်များကို ဒုတိယဦးစီးမှူး ဦးစိုးနိုင်က ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီက လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက် ရေပေးရေးလုပ်ငန်းဖြစ်သော ပျော်ဘွယ်မြို့နယ် ကြူတောဝကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ကန့်ဘလူတွင် လေးလပတ်လုပ်ငန်း ထပ်ဆင့်ရှင်းလင်း

ကန့်ဘလူ ဩဂုတ် ၂၇

ကန့်ဘလူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဝန်ကြီးဌာန၏ လေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို မြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ ဇူလိုင် ၁၃ရက် မွန်းလွဲ ၂နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဦးဝင်းမောင်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် စစ်ကိုင်းတိုင်း ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်သန်းဝင်း၏ ဝန်ကြီးဌာန လေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲမှ ရှင်းလင်းဆွေးနွေး မှာကြားခြင်းများ၊ ညွှန်ကြားချက်များကို မြို့နယ်ရုံးဝန်ထမ်းများအား ထပ်ဆင့် ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

မိတ္ထီလာတွင်ယာဉ်များ ရှောင်တခင်စစ်ဆေး

မိတ္ထီလာ ဩဂုတ် ၂၇

မိတ္ထီလာမြို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်စိုး၊ ပို့/ဆက်ဦးစီးမှူး ဦးမြင့်စိုး၊ ယာဉ်ထိန်းတာဝန်ခံအရာရှိ ဒုရဲအုပ်သက်နိုင်ဦးနှင့် မိတ္ထီလာမော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဦးရဲဌေးဝင်းနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၉ရက်က ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေးအတွက် ယာဉ်ကြံ့ခိုင်မှု ရှိ မရှိ၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်စည်းကမ်းနှင့်အညီ စနစ်တကျ ထိန်းသိမ်းမောင်းနှင်ခြင်း ရှိ မရှိတို့ကို မိတ္ထီလာ - တောင်ကြီးသွား ကားလမ်းအသုံးပြုခကောက်ခံရေးဂိတ် (တောမ)တွင် ရှောင်တခင် စစ်ဆေး၍ ပညာပေးဆောင်ရွက်ကြသည်။ **(ဝဲပုံ)** မိတ္ထီလာမြို့နယ်အတွင်း ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေး၊ ယာဉ်စည်းကမ်း လိုက်နာရေးအတွက် အပတ်စဉ် ရန်ကုန်၊ မန္တလေး၊ မြင်းခြံ၊ တောင်ကြီး၊ ကျောက်ပန်းတောင်း ကားလမ်းများတွင် အလှည့်ကျစစ်ဆေး အရေးယူသွားမည်ဖြစ်သည်။ **(၀၈၆)**

နောင်မွန်မြို့နယ်၌ စံပြကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

နောင်မွန် ဩဂုတ် ၂၇

ပူတာအိုခရိုင် နောင်မွန်မြို့နယ် ကဆန်ရူးစံပြကျေးရွာ ဇီမာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို အဆိုပါ စာကြည့်တိုက်ရှေ့၌ ဇူလိုင် ၁ရက် နံနက် ၁၁နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဇာထွန်းခင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် နောင်မွန်မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မိုးမြင့်က စံပြကျေးရွာသို့ လှူဒါန်းသော သုတ၊ ရသစာအုပ် ၁၀၀ကို မြို့နယ်ဦးစီးမှူးဦးဖုန်ဇီးဒီးက စာကြည့်တိုက်တာဝန်ခံဦးဒါဝိထံ လွှဲပြောင်းပေးအပ်သည်။ ဆက်လက်၍ ဓာတ်ပုံကျွမ်းကျင်-၂ ဦးလန့်မဇားဒီးရမ်က စာအုပ်များနှင့် စကားပြောသူ ဆောင်းပါးအား ဖတ်ကြားသည်။ စာဖတ်ဝိုင်းတွင် စာဖတ်သူတို့ တိုးပွားရေးအတွက် ဦးစီးမှူးက ဆွေးနွေးရှင်းလင်းဟောပြောပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သီပေါမြို့၌ ပန်းအလှပင်များ ပြုပြင်စိုက်ပျိုး

သီပေါ ဩဂုတ် ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဖြိုးကျော် ကြီးကြပ်မှုဖြင့် ဩဂုတ် ၁၇ရက် နံနက်က သီပေါမြို့နယ် မန္တလေး-လားရှိုး ပြည်ထောင်စုကားလမ်းမကြီး လမ်းဘေးဝဲယာ၊ မြို့တွင်းလမ်းဘေးရှိ ပန်းအလှပင်များ ပြုပြင်စိုက်ပျိုးခြင်းနှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း စသည့် မြို့စိမ်းလန်းစိုပြည် သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။ ***(၀၂၀)***

ဩဂုတ် ၁၂ရက်က မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ခြင်၊ ယင်နှိမ်နင်းရေးနှင့် အနံ့အသက်ဆိုးများ မရှိစေရေးအတွက် ခြင်ဆေးဖျန်းစက်ဖြင့် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် ဒုတိယဦးစီးမှူး (ဈေး)ဒေါ်နီနီချို တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ထီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထီးလင်း-ဂန့်ဂေါ လမ်း မြောက်ဘက်ရှိ မြို့ဝင် မြို့ထွက်သာယာလှပစေရေး၊ လမ်းဘေးဝဲယာတစ်လျှောက် အရိပ်ရ ပန်းအလှပင်များကို ဩဂုတ်၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်လွင်၏ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးဝန်ထမ်းများက စုပေါင်းစိုက်ပျိုးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဟုမ္မလင်းစည်ပင်သာယာ ပန်းအလှပင်များစိုက်ပျိုး

ဟုမ္မလင်း ဩဂုတ် ၂၇

ဟုမ္မလင်းမြို့နယ် ဗိုလ်ချုပ်လမ်း(လေယာဉ်ကွင်းအဝင်လမ်း) လမ်းမကြီးတွင် ဩဂုတ် ၂၄ ရက်က မြို့နယ် စည်ပင်သာယာအဖွဲ့ဝန်ထမ်းများက ပန်းအလှပင်များ စိုက်ပျိုးပုံဖော်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမျိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသင်းအောင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ပျောက်ဆုံးကြောင်း

ဒေါ်နုနုဆွေ ၉/ကပတ(နိုင်) ၀၂၄၁၈၁ ၏ ယာဉ်အမှတ် ၈က/၉၅၆၃ အခွန်ပုံစံ(၁) အစိမ်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ ဖုန်း-၀၁-၆၈၂၄၇၀။

စာအုပ်စာပေ လူ့မိတ်ဆွေ

သီရိရိပ်သာအခန်းပိုင်ရှင်များသို့ အစည်းအဝေးဖိတ်ကြားခြင်း

မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ တော်ဝင်လမ်းရှိ သီရိရိပ်သာတာဝါညီနောင်တွင် အခန်းဝယ်ယူထားပြီးဖြစ်သော အခန်းပိုင်ရှင်များအနေဖြင့် တစ်ဦးချင်း တရားဝင်အမည်ပေါက်ပိုင်ဆိုင်ခွင့်ရရှိရေး ဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အခန်းပိုင်ရှင်တိုင်း ကိုယ်တိုင်(မပျက်မကွက်)တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ရက်စွဲ - ၃၀-၈-၂၀၀၉ရက် (တနင်္ဂနွေနေ့)
အချိန် - ညနေ (၃း၀၀) နာရီ
နေရာ - ''သီရိရိပ်သာ''

သီရိရိပ်သာ သာယာရေးနှင့် စီမံခန့်ခွဲရေးကော်မတီ။

လူပျောက်

ရန်ကုန်မြို့၊ အမှတ် ၄၅၊ ၁၆၄လမ်း B လေးလွှာ၊ တာမွေမြို့နယ်နေ ဦးလော်ယို (ရှမ်း/အခါလူမျိုး၊ မြန်မာစကားမတတ်) အသက် (၇၀)သည် ၂၄-၈-၂၀၀၉ ရက်တွင် ပျောက်ဆုံးသွားပါသည်။ ၄င်းအားတွေ့ရှိပါက လာရောက်ပို့ဆောင်သူကို ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူအား တရားဥပဒေအရ အရေးယူပါမည်။

ဦးစိုင်းရီ

ဖုန်း-၀၉-၉၉-၇၂၂၆၂၊ ၀၁-၅၄၈၉၉၅။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ကုန်သည်/စက်မှု အသင်းချုပ်မှ မဂ္ဂဇင်းများလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ မဂ္ဂဇင်းနှင့် စာအုပ်စာတမ်းများလှူဒါန်းပွဲကို ယမန်နေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်အနောက်ပိုင်းခရိုင် စာကြည့်တိုက်၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က လစဉ်ပြုစုထုတ်ဝေလျက်ရှိသော (ငွေကျပ်နှစ်ဆယ့်ကိုးသိန်းခြောက်သောင်း) တန်ဖိုးရှိ Business မဂ္ဂဇင်း အုပ်ရေ ၃၇၀၀ကို အသင်းချုပ်ကိုယ်စား စာကြည့်တိုက်မှူး ဒေါ်နုနုက ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး (ထုတ်လုပ်) ဦးအေးကြွယ် **(အပေါ်ပုံ)**က လက်ခံကာ ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အခွန်ပညာပေး ဆွေးနွေးပွဲ ရန်ကင်း၌ကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန ရန်ကင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ စားသောက်ဆိုင် လုပ်ငန်းရှင်များသို့ အခွန်ပညာပေး ဆွေးနွေးပွဲကို ယမန်နေ့ညနေ ၃ နာရီတွင် အဆိုပါရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဗိုလ်နှင့် **(အောက်ပုံ)** ရန်ကင်းမြို့နယ် ဥက္ကဋ္ဌ ဦးကိုကိုအောင်တို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးဇေယျာက စားသောက်ဆိုင်လုပ်ငန်းရှင်များအား ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ ကိစ္စရပ်များအား အခွန်ပညာပေး ဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကင်းမြို့နယ်အတွင်းရှိ စားသောက်ဆိုင်များမှ လုပ်ငန်းရှင် ၂၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခွန်အပြည့်အဝ ကောက်ခံရရှိရေး လားရှိုး၌ ရှင်းလင်း

လားရှိုး ဩဂုတ် ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန၏ စားသောက်ဆိုင်လုပ်ငန်းများအပေါ် အခွန်အပြည့်အဝကောက်ခံရရှိရေး လုပ်ငန်းစီမံချက်ဆိုင်ရာ အခွန်ရှင်းလင်းပွဲကို ဩဂုတ် ၂၆ရက် မွန်းလွဲ ၂ နာရီက လားရှိုးမြို့ ပြည်နယ်အခွန်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးဝင်းက တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးသင်းထွဋ်ဟန်က စားသောက်ဆိုင်လုပ်ငန်းများအပေါ် အခွန်အပြည့်အဝကောက်ခံရရှိရေး လုပ်ငန်းစီမံချက်ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးခင်ထွန်းက အခွန်ကောက်ခံရရှိရေးဆိုင်ရာ လုပ်ငန်းရပ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော အခွန်ထမ်း ပြည်သူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြသည်။ (ပြည်နယ် ပြန်/ဆက်)

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် ဩဂုတ် ၂၇

ယာဉ်မတော်တဆဖြစ်မှုများ လျော့နည်းပပျောက်စေရေးအတွက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ကျောက်မဲခရိုင်ဦးစီးမှူး ဦးဆန်းယုဦးဆောင်၍ မိုးမိတ်မြို့နယ် ယာဉ်ထိန်း၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့နှင့်အတူ ဩဂုတ် ၁၈ရက် ညနေ ၄ နာရီတွင် မိုးမိတ်မြို့ ကျားခေါင်း သယ်ယူပို့ဆောင်ရေးကားဂိတ်မှ မိုးမိတ်-မန္တလေးထွက်ခွာမည့် ခရီးသည်တင်ယာဉ်များ ကြံ့ခိုင်မှု ရှိ/မရှိ၊ ယာဉ်မောင်း ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင်ပါရှိမှု ရှိ မရှိ ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ (အပေါ်ပုံ) (သတင်းစဉ်)

ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေး ကာကွယ်ရေး မဘိမ်း၌ ခြင်ဆေးဖျန်းလုပ်ငန်းဆောင်ရွက်

မဘိမ်း ဩဂုတ် ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အတွင်းရှိ မြို့မဈေး၊ စာသင်ကျောင်းများနှင့် ပြည်သူ့ဆေးရုံများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးမြင့်နှင့် အမှုဆောင်အရာရှိ ဦးတင့်နိုင်မိုးတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(တောင်ပိုင်း)၌ စည်ပင်သာယာရေးလုပ်ငန်းများ ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၇

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဩဂုတ်၂၂ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် စည်ပင်သာယာရေး အဖွဲ့၏ မြို့ရေပေးရေး ဆောင်ရွက်လျက်ရှိသော အင်းပြင်ရေထွက်သို့ ရောက်ရှိရာ အမှုဆောင်အရာရှိက ကလောမြို့ ရေပေးဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ပြည်ထောင်စုလမ်းမကြီး၏ လမ်းလယ်ကျွန်းတစ်လျှောက်၌ ပန်းအလှပင်များ စိုက်ပျိုးမှု၊ မြေယာရှုခင်းအလှ ဆောင်ရွက်ထားမှုနှင့် ပျိုးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံ

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

တွေ့ဆုံ

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် တောင်ကြီးမြို့၌ ရေဆိုးထုတ်မြောင်းမကြီး ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားသည်။

ညှိနှိုင်း

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဝန်ထမ်းများ၊ လွိုင်လင်မြို့နယ်၊ လင်းခေးမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ဟိုပုံးမြို့နယ်၊ နမ့်စန်မြို့နယ်နှင့် ပင်လုံမြို့တို့မှ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာများအား တွေ့ဆုံ၍ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွတ်ခိုင်မြို့နယ်၌ ကွန်ပျူတာများ လှူဒါန်းပွဲကျင်းပ

ကွတ်ခိုင် ဩဂုတ် ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် အမှတ် (၂)ရပ်ကွက် တာမိုးညဲချမ်းသာ ကုမ္ပဏီလီမိတက်မှ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အသုံးပြုနိုင်ရေးအတွက် ကွန်ပျူတာများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးမင်းဦးက အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်လွင်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် တာမိုးညဲချမ်းသာ ကုမ္ပဏီ ဒါရိုက်တာ ဦးမြင့်လွင်က ကွန်ပျူတာများ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြီး တပ်နယ်၊ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များသို့ ကွန်ပျူတာ စုစုပေါင်း အစုံ ၁၀၀ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လင်မယားနှစ်ယောက် တိုက်ခုနစ်ထပ်ပေါ်မှကျ၍သေဆုံးမှု စမ်းချောင်းမြို့နယ် ကျွန်းတောတောင်ရပ်ကွက်၌ဖြစ်ပွား

ရန်ကုန် ဩဂုတ် ၂၇

စမ်းချောင်းမြို့နယ် ကျွန်းတောတောင်ရပ်ကွက် ရွှေလဝင်းလမ်းတွင် လင်မယားနှစ်ဦး ခုနစ်ထပ်တိုက် ခုနစ်ထပ်မှကျပြီး သေဆုံးမှု ဖြစ်ပွားခဲ့သည်။

သေဆုံး

ဖြစ်ပွားပုံမှာ ယနေ့နံနက် ၉ နာရီ ၁၀မိနစ်က ရွှေလဝင်းလမ်း တိုက်အမှတ်(၁၅) ခုနစ်လွှာအတွင်း ယာယီသန်းခေါင်စာရင်းဖြင့် နေထိုင်ကြသော ဦးလေးတော်သူ ဦးဘမောင် (လေဖြတ်နေသူ)၊ ကိုဇော်မိုးဦး(၄၅)နှစ် (ဘ) ဦးတင်အောင်နှင့် မမိမိခိုင်(၄၅)နှစ် (ဘ) ဦးစိန်ထွန်းတို့ လင်မယားနှစ်ဦးမှ ယောကျ်ားဖြစ်သူ ကိုဇော်မိုးဦးမှာ ခုနစ်လွှာ ဝရန်တာပေါ်မှ မြေညီထပ်ရှိ နေရောင်ကာ သွပ်ပေါ်မှတစ်ဆင့် အောက်တွင်ရှိသော ခုံတန်းရှည်လက်တန်းပေါ်သို့ကျ၍ သေဆုံးသွားသည်။

ထို့အတူ မိန်းမဖြစ်သူ မမိမိခိုင်မှာလည်း ခုနစ်လွှာအပေါ်မှ ငါးလွှာရှိ အင်တင်နာပေါ်မှတစ်ဆင့် သွယ်တန်းထားသော တယ်လီဖုန်းကြိုးပေါ်သို့ကျကာ လမ်းမပေါ်သို့ ရှေ့ဆင့်နောက်ဆင့်ကျလာပြီး သေဆုံးခဲ့ကြသည်။ သေဆုံးမှုနှင့်ပတ်သက်၍ စမ်းချောင်းမြို့နယ် ရဲစခန်းမှ စုံစမ်းစစ်ဆေးမှုပြုလုပ်လျက်ရှိကြောင်း သိရသည်။ (၁၀၃)

ကပ်တုံးပြုလုပ်

တာချီလိတ်မြို့ မြို့ပြအင်္ဂါရပ်နှင့်အညီ သာယာလှပစေရေး ဆောင်ရွက်လျက်ရှိရာ ဟောင်လိတ်ရပ်ကွက် ဗိုလ်ချုပ်လမ်းမတစ်လျှောက် လမ်းဘေးဝဲယာ ကပ်တုံးပြုလုပ်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမျိုး ဦးဆောင်၍ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ ရက်က အမှုဆောင်အရာရှိ ဦးကျော်သူ ကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဗန်းမော် သီရိရတနာဈေး အိုင်အိုဒင်းဆားရောင်းချမှု စစ်ဆေး

ဗန်းမော် ဩဂုတ် ၂၇

ဗန်းမော်မြို့ သီရိရတနာဈေးအတွင်း အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးခြင်းကို ဩဂုတ် ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးမြင့်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများဆောင်ရွက်ရာ ဒု-ဦးစီးမှူး(ဈေး) ဦးတင်မောင်သန်းက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကိုမိုရို့စ်နိုင်ငံ သမိုင်းကြောင်းကို စေ့ငုပါလျှင်....

သတင်း အက်ဆေး

ကိုမိုရို့စ်နိုင်ငံသည် အရှေ့တောင်အာဖရိကနှင့် မာဒါဂါစကာ၏ အနောက်မြောက်ပိုင်း အကြား မိုဇမ်ဘစ်ရေလက်ကြားဒေသတွင် တည်ရှိသည်။ ကိုမိုရို့စ်ကျွန်းများဖြင့် ဖွဲ့စည်းထားသည့် ဤနိုင်ငံသည် သာယာသောပင်လယ်ကမ်းခြေ ငွေသောင်ယံတို့ဖြင့် အားလပ်ရက် အပန်းဖြေလိုသူများအတွက် ကွန်းခိုရာ ဖြစ်နိုင်ခြေရှိလင့်ကစား ဗဟိုအစိုးရနှင့် တစ်စိတ်တစ်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသည့်ကျွန်းများအကြား တင်းမာမှုကြောင့် နိုင်ငံရေး တည်ငြိမ်မှုရအောင် အပတ်တကုတ် လုံးပမ်းနေရသေးသည်။

ဤနိုင်ငံအတွင်း ပေါ်ပေါက်ခဲ့သည့် နိုင်ငံရေးအကြမ်းဖက်မှုသမိုင်းကြောင့် ပြည်သူများ နာလန်မထူနိုင်အောင် မွဲပြာကျနေကြရခြင်းဖြစ်သည်။ တစ်ခါတစ်ရံတွင် နိုင်ငံတော်ပြိုကွဲလုမတတ် အခြေယိုင်ခဲ့ရသည်လည်း ရှိသည်။

ပြင်သစ်လက်အောက်ခံကိုလိုနီဘဝမှ ၁၉၇၅ခုနှစ်တွင် လွတ်မြောက်အပြီး ရက်သတ္တများအတွင်းတွင် သမ္မတအာမက်အဗ္ဗဒါလာအား ပြင်သစ်ကြေးစားစစ်သား ဗိုလ်မှူးကြီး ဘော့ဒီနာ၏အကူအညီဖြင့် အာဏာသိမ်းသည့်အခါမှစတင်ကာ ဤနိုင်ငံတွင် အကြိမ်ပေါင်း ၂၀ကျော်အာဏာသိမ်းမှု၊သို့မဟုတ် အာဏာသိမ်းရန်ကြိုးပမ်းမှုများကြုံခဲ့ရသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်

သမိုင်းကိုပြန်ကြည့်လျှင် ဤနိုင်ငံသည် ၁၈၈၆ခုနှစ်တွင် ပြင်သစ်ထိန်းသိမ်းစောင့်ရှောက်ခံနိုင်ငံဖြစ်လာသည်။ ၁၉၁၂ခုနှစ်တွင် မာဒါဂါစကာမှ အုပ်ချုပ်သည့် ပြင်သစ်ကိုလိုနီတစ်ခုဖြစ်လာ၏။ ၁၉၄၂ခုနှစ်တွင် ဗြိတိသျှတပ်များက ကိုမိုရို့စ်နှင့် မာဒါဂါစကာတို့ကို ကျူးကျော်ပြီး နယ်မြေများကို ချားလ်ဒီဂေါ၏ လွတ်လပ်သောပြင်သစ်အစိုးရထံလွှဲအပ်သည်။ ၁၉၄၇ခုနှစ်တွင် ပြင်သစ်၏ ပင်လယ်ရပ်ခြားပိုင်နက်နယ်မြေတစ်ခုဖြစ်လာသည်။ ၁၉၆၁ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးသည်။

၁၉၇၄ခုနှစ်တွင် ကျွန်းသုံးကျွန်းက ကိုမိုရို့စ်နိုင်ငံအဖြစ် လွတ်လပ်ရေးကြေညာရန် ဆုံးဖြတ်သည်။ မေယော့ကျွန်းက ပြင်သစ်နှင့် တွဲဖက်နေခဲ့ရန် ဆုံးဖြတ်သည်။ ၁၉၇၅ ခုနှစ် ဇူလိုင်အတွင်း ကိုမိုရို့စ်လွတ်လပ်ရေး ကြေညာသည်။ သမ္မတအဖြစ် အာမက်အဗ္ဗဒါကာက တာဝန်ယူသည်။ သို့သော် ဩဂုတ်လတွင် ပြင်သစ်ကြေးစားစစ်သား ဗိုလ်မှူးကြီး ဘော့ဒီနာ၏ အကူအညီဖြင့် သမ္မတကိုဖြုတ်ချ အာဏာသိမ်းပြီး မင်းသားဆာအစ်မိုဟာမက်ဂျက်ဖာကို သမ္မတခန့်သည်။

အာဏာအပ်

၁၉၇၆ခုနှစ်တွင် သမ္မတဂျက်ဖာကို အလီဆိုလီဖြင့် အစားထိုးသည်။ သူက နိုင်ငံကို ဆိုရှယ်လစ်သမ္မတနိုင်ငံအဖြစ် ပြောင်းလဲပစ်ရန် ကြိုးပမ်းသည်။ ၁၉၇၈ခုနှစ်တွင် ဒီနာဦးဆောင်သည့် ကြေးစားစစ်သားများက ဆိုလီကိုဖြုတ်ချအာဏာသိမ်းပြီး ကွပ်မျက်ပစ်သည်။ အဗ္ဗဒါလာကို အာဏာအပ်လိုက်သည်။

၁၉၈၉ခုနှစ်တွင် ဒီနာ၏ကွပ်ကဲမှုအောက်မှ သမ္မတလုံခြုံရေးအစောင့်က အဗ္ဗဒါလာအား လုပ်ကြံလိုက်သည်။ ပြင်သစ်တပ်များက ကြားဝင်ဆောင်ရွက်ပေးပြီး ဒီနာအား နှင်ထုတ်လိုက်သည်။

၁၉၉၀ပြည့်နှစ်ရွေးကောက်ပွဲတွင် ဆာအစ်မိုဟာမက်ဂျိုဟာ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ၁၉၉၅ ခုနှစ်တွင် ဒီနာဦးဆောင်သည့် အာဏာသိမ်းရန် ကြိုးပမ်းမှုဖြင့် သမ္မတဂျိုဟာအား ရာထူးမှဖယ်ရှားလိုက်သည်။ ပြင်သစ်တပ်များက ကြားဝင် ဆောင်ရွက်ပေးသည့်အတွက် ဒီနာလက်နက်ချသည်။

၁၉၉၆ခုနှစ်တွင် မိုဟာမက်အဗ္ဗဒူကာရင်တာကီအား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။ သမ္မတအာဏာတိုးချဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲသည်။ ၁၉၉၇ခုနှစ် ဩဂုတ်လတွင် အင်ဂျူအန်ကျွန်းနှင့် မိုဟီလီကျွန်းတို့ကကိုမိုရို့စ်နိုင်ငံမှ ခွဲထွက်ပြီး လွတ်လပ်ရေးကြေညာသည်။ ထိုနှစ် စက်တင်ဘာလတွင် အင်ဂျူအန်ကျွန်းမှ တပ်ဖွဲ့ဝင်များက ခွဲထွက်ခြင်းကို ကာကွယ်ရန်ကြိုးပမ်းသည်။ သို့သော် အပြီးတိုင်ချေမှုန်းခံရသည်။

၁၉၉၈ခုနှစ်တွင် သမ္မတတာကီ ကွယ်လွန်သဖြင့် ယာယီသမ္မတမတ်ဆောင်ဒေးက သမ္မတရာထူးရယူသည်။ ၁၉၉၉ခုနှစ်တွင် မတ်ဆောင်ဒေးအား စစ်ဦးစီးချုပ် ဗိုလ်မှူးကြီး အဇာလီအက်ဆူမာနီ ဦးဆောင်ကာ ဖြုတ်ချအာဏာသိမ်းသည်။

၂၀၀၁ ခုနှစ် မတ်လတွင် အက်ဆူမာနီက အစိုးရသစ်ဖွဲ့စည်းပြီး ၂၀၀၂ ခုနှစ် အရောက်တွင် အရပ်ဘက်အုပ်ချုပ်ရေးပြန်ပေးမည်ဟုကြေညာသည်။ ရွေးကောက်ပွဲတွင် သူပါဝင်မည်မဟုတ်ဟုဆိုသည်။

အာဏာသိမ်း

၂၀၀၁ ခုနှစ် ဩဂုတ်လတွင် ခွဲထွက် အင်ဂျူအန်ကျွန်းကို ကိုမိုရို့စ်နိုင်ငံအတွင်း သို့ပြန်သွင်းရန်ရည်ရွယ်ချက်ဖြင့် စစ်ဘက်ကော်မတီက အင်ဂျူအန်တွင် အာဏာသိမ်းသည်။ ထိုနှစ်စက်တင်ဘာလတွင် အင်ဂျူအန်၌ ဗိုလ်မှူးကွမ်ဘိုအာယူဘားအား ဗိုလ်မှူးမိုဟာမက်ဘာကာက ဖယ်ရှားလိုက်သည်။ ထိုနှစ် နိုဝင်ဘာလတွင် အင်ဂျူအန်၌ မအောင်မြင်သည့်အာဏာသိမ်းမှုတစ်ခုဖြစ်ပွားသည်။ ယခုအကြိမ်တွင် ဗိုလ်မှူးကြီး ဆာအစ်အဘိတ်က အာဏာသိမ်းခြင်းဖြစ်သည်။ သူသည် ဘာကာ၏ ပြန်လည်ပေါင်းစည်းရေးကြိုးပမ်းချက်များကိုဆန့်ကျင်သူဖြစ်သည်။ ထိုနှစ် ဒီဇင်ဘာလတွင် ပြည်သူများက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုထောက်ခံသည်။ အခြေခံဥပဒေအရ ကျွန်းတစ်ကျွန်းစီကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးပြီး ကျွန်းသုံးကျွန်းလုံးကို နိုင်ငံအဖြစ်တစည်းတလုံးရှိစေရန် ဖြစ်သည်။ သို့သော် ကိုယ်ပိုင်အုပ်ချုပ်ခွင့်များပိုပေးရသည်။

၂၀၀၂ခုနှစ် ဧပြီလတွင် ဗိုလ်မှူးကြီး မိုဟာမက်ဘာကာမှာ အင်ဂျူအန် ခေါင်းဆောင်အဖြစ်လည်းကောင်း၊ မိုဟာမက်ဆာအစ်ဖာဇူးမှာ မိုဟီလီခေါင်းဆောင်အဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခံကြရသည်။ အဇာလီအက်ဆူမာနီကိုမူ ပြန်လည်ပေါင်းစည်းသည့် ကိုမိုရို့စ်နိုင်ငံသမ္မတအဖြစ်တာဝန်ပေးသည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် သမ္မတအက်ဆူမာနီအား အာဏာသိမ်းဖြုတ်ချရန် ကြိုးပမ်းမှုကိုဖယ်ရှားနိုင်လိုက်ကြောင်း လုံခြုံရေးတပ်များက ကြေညာသည်။

၂၀၀၄ခုနှစ်တွင် အမျိုးသားလွှတ်တော်ညီလာခံ စတင်သည်။ ပထမဆုံး ဖက်ဒရယ်အစိုးရအဖွဲ့ဝင်များစာရင်းကို သမ္မတအက်ဆူမာနီက တင်သွင်းသည်။ ၂၀၀၆ခုနှစ် မေလ ဖက်ဒရယ် သမ္မတရွေးကောက်ပွဲတွင် အင်ဂျူအန်မှ အာမက်အဗ္ဗဒူလာမို ဟာမက်ဆမ်ဘီ အနိုင်ရသည်။

၂၀၀၇ခုနှစ် မေလတွင် အင်ဂျူအန်သမ္မတ မိုဟာမက်ဘာကာ ရာထူးမှဆင်းပေးရန် ငြင်းဆိုပြီးနောက် ဇွန်လရွေးကောက်ပွဲတွင် ငြိမ်းငြိမ်းချမ်းချမ်းဖြစ်ရန် အာဖရိကသမဂ္ဂ (အေယူ)က ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များ စေလွှတ်သည်။

ဖမ်းဆီး

ဖက်ဒရေးရှင်းအစိုးရနှင့်အေယူကို အာခံပြီး အင်ဂျူအန်တွင် ဒေသန္တရရွေး ကောက်ပွဲ ပြုလုပ်သည်။ မိုဟာမက်ဘာကာက အင်ဂျူအန်သမ္မတအဖြစ် ကြေညာသည်။ ၂၀၀၇ခုနှစ် နိုဝင်ဘာတွင် အေယူက အင်ဂျူအန်ကျွန်းကို ရေကြောင်းပိတ်ဆို့လိုက်သည်။ ၂၀၀၈ခုနှစ် မတ်လတွင် ကိုမိုရို့စ်နှင့်အေယူတပ်ဖွဲ့ဝင်များက အင်ဂျူအန်ကျွန်းကို တက်ရောက်ပြီး ပြန်လည် သိမ်းပိုက်သည်။ ပြင်သစ်က ခွဲထွက်သင်းကွဲခေါင်းဆောင် မိုဟာမက်ဘာကာအား ဖမ်းဆီးလိုက်သည်။

ထုတ်ပြန်

၂၀၀၉ခုနှစ်မတ်လတွင် မာယော့တီ ကျွန်းက ပြင်သစ်နှင့် အပြည့်အဝပူးပေါင်းရန် ပြည်သူ့ဆန္ဒဖြင့် ဆုံးဖြတ်သည်။ ထိုကျွန်းကို ပိုင်ဆိုင်ကြောင်း ကြေညာလျက် ကိုမိုရို့စ်အစိုးရက မာယော့တီကျွန်း၏ ပြည်သူ့ဆန္ဒခံယူပွဲမှာ တရားမဝင်ပျက်ပြယ်ကြောင်း ထုတ်ပြန်ကြေညာသည်။

ကိုးကား-အင်တာနက် **တိုး ရေးသားသည်**

ကိုမိုရို့စ်နိုင်ငံသည် အရှေ့တောင်အာဖရိကနှင့် မာဒါဂါစကာ၏ အနောက်မြောက်ပိုင်း အကြား မိုဇမ်ဘစ်ရေလက်ကြားဒေသတွင် တည်ရှိ၊ ကိုမိုရို့စ်ကျွန်းများဖြင့် ဖွဲ့စည်းထားသည့် ဤနိုင်ငံသည် သာယာသောပင်လယ်ကမ်းခြေ ငွေသောင်ယံတို့ဖြင့် အားလပ်ရက် အပန်းဖြေလိုသူများအတွက် ကွန်းခိုရာဖြစ်နိုင်ခြေရှိ။

ဘဝဒဿန

The Learned and virtuous,though faced with poverty willnot accept badness but always upholds virtue.

ပညာရှိသူတော်ကောင်းများသည် ဆင်းရဲဒုက္ခကြုံရသော်လည်း မကောင်းမှု ဒုစရိုက်ကို လက်မခံ၊ အကျင့်သီလကို မြဲမြံစွာ စောင့်ထိန်းလေ့ရှိသည်။

ရှိတ်စပီးယား

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား



စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ

ရိတ်သိမ်းခြွေလှေ့စက် အများဆုံးစံချိန်

အိုင်ယာလန်နိုင်ငံ ဒူလီခ်မြို့အနီး လယ်ကွင်းတစ်ခု၌ ဩဂုတ် ၂၃ရက်က စပါး ရိတ်သိမ်းခြွေလှေ့စက်ပေါင်း ၁၇၅လုံးဖြင့် တစ်ပြိုင်နက်တည်း ရိတ်သိမ်းခြွေလှေ့ခဲ့ရာ ကမ္ဘာပေါ်တွင် ရိတ်သိမ်းခြွေလှေ့စက်အများဆုံးအဖြစ် ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သည်။ ယခင်ကတစ်ပြိုင်နက်တည်း အသုံးပြုခဲ့သည့် ရိတ်သိမ်းခြွေလှေ့စက် အရေအတွက် အများဆုံးမှာ ၅၇လုံး ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အရှည်ဆုံး သတို့သမီးဝတ်စုံ

တရုတ်နိုင်ငံ ကျီလင်းမြို့၌ ဩဂုတ် ၂၃ ရက်က လက်ထပ်ပွဲဆင်နွှဲခဲ့သော တရုတ်အမျိုးသမီးလင်ရှန်း၏ သတို့သမီးဝတ်စုံ အရှည်မှာ ၂ ဒသမ ၁၆၂ မီတာရှည်လျားပြီး အနံမှာ ၁ဒသမ ၅မီတာရှိရာ ကမ္ဘာပေါ်တွင် အရှည်ဆုံး သတို့သမီး ဝတ်စုံအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ယာပုံ)

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့ဈေး အကြီးဆုံးအရုပ်

၁၉၁၅ခုနှစ်က ပြင်သစ်နိုင်ငံ ပါရီမြို့၌ ပြုလုပ်ခဲ့သည့် မင်းသားရုပ်လေး တစ်ရုပ်သည် အမေရိကန်နိုင်ငံ အက်လန်တာမြို့၌ ဩဂုတ် ၂၃ရက်က ပြုလုပ်သော လေလံပွဲ၌ အမေရိကန်ဒေါ်လာ ၂၆၃၀၀၀ရရှိခဲ့ရာ ကမ္ဘာပေါ်တွင်ဈေး အကြီးဆုံးအရုပ်အဖြစ် ကမ္ဘာ့မှတ်တမ်း တင်နိုင်ခဲ့သည်။ (ယာပုံ)

(အင်တာနက်ဓာတ်ပုံ)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။
✻ RFA, DVB - သွေးထိုးနေသည်။
✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✻ နားမယောင်လေနဲ့ သတိထား။

အရေခွံလဲပြီးခါစ ကဏန်းပျော့များကို အအေးခန်းစက်ရုံသို့ မပို့မီ ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

တစ်ခါတစ်ခေါက် လေ့လာခွင့်ကြုံ မြိတ်မြို့မှ အအေးခန်းစက်ရုံများ

ရန်ကုန် ဩဂုတ် ၂၇

တနင်္သာရီတိုင်း၏ အဓိကစီးပွားရေးလုပ်ငန်းမှာ ရေလုပ်ငန်းဖြစ်ကြောင်းကို သိရှိပြီးဖြစ်သော်လည်း ပြီးခဲ့သည့် ဇူလိုင်လဆန်းပိုင်းက တနင်္သာရီတိုင်းသို့ ခရီးထွက်ဖြစ်သောအခါမှသာ မြိတ်မြို့၌ ခြောက်ရက် နေထိုင်ခဲ့စဉ်အတွင်း ပထက်ကျွန်းမှ အအေးခန်းစက်ရုံများနှင့် မြိတ်မြို့ အင်းလေးမြိုင်စက်မှုဇုန်ရှိ အအေးခန်းစက်ရုံများကို လေ့လာခွင့်ရခဲ့သည်။ စာမျက်နှာ ၉ ကော်လံ ၁ ✻

သတင်းဆောင်းပါး
တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း
သန်းဦး(သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု
မာမာစိုး (မြန်မာ့အလင်း)

ချင်းတွင်းမြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၂၇

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မော်လိုက်မြို့တွင် စင်တီမီတာ ၁၂၁၀ နှင့် ကလေးဝမြို့တွင် ၁၅၁၆ စင်တီမီတာသို့ အသီးသီးရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း မော်လိုက်မြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၂၃၀ နှင့် ကလေးဝမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၅၅၀ သို့ ရောက်ရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဖြစ်ပွားသည့် လူနာတစ်ဦး ထပ်မံတွေ့ရှိ

ရောဂါဖြစ်ပွားသူ စုစုပေါင်း ၂၇ ဦးရှိပြီဖြစ်

နေပြည်တော် ဩဂုတ် ၂၇

စင်ကာပူနိုင်ငံမှပြန်လာသူ အသက် ၁၅ နှစ်အရွယ် အမျိုးသားတစ်ဦးထံမှ ဓာတ်ခွဲနမူနာကိုရယူပြီး ဩဂုတ် ၂၆ ရက်က ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနတွင် စမ်းသပ်စစ်ဆေးခဲ့ရာ New Influenza A(H1N1) ပိုး တွေ့ရှိရကြောင်း၊ အဆိုပါ အမျိုးသားမှာ မြန်မာနိုင်ငံသို့ ဇူလိုင် ၂၆ရက်တွင် ခရီးစဉ်အမှတ် MI-520 ဖြင့် ရောက်ရှိလာသူဖြစ်ပြီး ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်ပွားသည့် ၂၇ ဦးမြောက်လူနာဖြစ်ကြောင်း၊ လူနာအား ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုခံယူထားရှိကြောင်း သိရှိရသည်။

လူနာနှင့်အတူနေမိသားစုဝင် သုံးဦးအား နေအိမ်၌ပင်နေစေပြီး စောင့်ကြပ်ကြည့်ရှုခြင်း(Home Quarantine) ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ စာမျက်နှာ ၃ ကော်လံ ၁ ●